သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ ခုနှစ် ဩဂုတ် ၉ ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ်အာရ်နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူး ကြခတ်ဝိုင်းစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲတက်ရောက် သာသနာရေးဆိုင်ရာလျှောက်ထား၊ စာသင်တိုက်ရှိသံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပဲခူးမြို့ရှိ သာသနိကအဆောက်အအုံများနှင့် ကမ္ဘောဇသာဒီနန်းတော်ရာ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၈

ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဝါဆိုပန်းကပ်လှူခြင်း၊ သာသနကုံရ စာအောင်ဆုနှင့် အောင်လက်မှတ်ကပ်လှူခြင်းနှင့် ပြည်လုံးချမ်းသာကျောက်လမ်းမကြီး အလှူငွေ စုပေါင်းရေစက်ချ အလှူမင်္ဂလာသုံးဌာန သာသနာတော်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် သာသနမဟာပါကာရ ဝိနယသဝရာပြည့်ဓမ္မာရုံတော်ကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးမြို့ ရန်ကုန်–ပဲခူး ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ထားကိုးကွယ်နေသည့် တမ္ပလောဟ မဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီး တည်ထားမှုလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဟံသာဝတီခေတ် အနုပညာဖြင့်တည်ဆောက်

✻ တမ္ပလောဟ မဟာမုနိ သွန်းတော်မူ ရုပ်ပွားတော်ကြီးတည်ဆောက်ရာတွင် မြန်မာမှုလုပ်ငန်းများကို ဟံသာဝတီခေတ် မြန်မာမှု အနု အလှများဖြင့် ခံ့ညားစွာတည်ဆောက်။

✻ ကမ္ဘောဇသာဒီ ရွှေနန်းတော်နေရာ၌ တူးဖော်တွေ့ရှိသော အေဒီ–၁၆ ရာစုနှစ်က နန်းတော်ဘုံပြာသာဒ်ပုံသဏ္ဌာန်များပါရှိသည့် ကျွန်းပြားကြီး ကြည့်ရှုစစ်ဆေး။

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၈

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❒

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

အမျိုးသားရေးမူဝါဒနှင့်အညီ ပေါင်းစည်းနေထိုင် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးကြိုးပမ်း

နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီးအတွင်းရှိ ဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းအသီးသီး၌ ပေါင်းစည်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး လူနေမှုအဆင့်အတန်းမျှတစွာ တိုးတက်မြင့်မားလာစေရေးအတွက် စနစ်တကျဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၄ရက်နေ့က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်သည်များ ပံ့ပိုးဆောင်ရွက် ပေးပြီး အမှာစကား ပြောကြားရာ၌-

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ခြမ်း မြို့တော်အဖြစ်သတ်မှတ်ပြီး မြို့တော်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ကူညီပံ့ပိုး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားခဲ့ပြီးနောက် ပခုက္ကူမြို့နှင့်ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ မကြာခဏ လာရောက်ပြီး လိုအပ်သည့်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အစဉ်တစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း"

ပြောကြားသည်။

ယခုအခါ ပခုက္ကူခရိုင်အတွင်း ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးအပါအဝင် ခုတင်၅၀ဆံ့ ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအပါအဝင် ဆေးရုံပေါင်း ၁၅ ရုံတည်ဆောက်ဖွင့်လှစ်ကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ပညာရေးအပိုင်းအနေဖြင့်ပခုက္ကူတက္ကသိုလ်ကြီး ဖွဲ့စည်းထူထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် တက္ကသိုလ် အင်္ဂါရပ်နှင့်အညီ သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ်အဆောက်အအုံကြီးကို တည် ဆောက်ပေးလျက်ရှိသည်။ ထို့အပြင် ပခုက္ကူအစိုးရကွန်ပျူတာကောလိပ်နှင့် ပခုက္ကူအစိုးရနည်းပညာကောလိပ် တို့ကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ရာ လိုအပ်သောအဆောက်အအုံများ ဆက်လက်ဖြည့်တင်း တည်ဆောက်ပေးလျက်ရှိသည်။

ပခုက္ကူဒေသသည် ဝါစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်သည့်အလျောက် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက်လည်း ဆည်မြောင်းတာတမံများအပြင် မြစ်ရေတင် စီမံကိန်းများ မြောက်မြားစွာ တည်ဆောက်ပေးထားပြီးဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ပခုက္ကူ- မင်းတပ်-မတူပီ-ရေဇွာ-ဟားခါး တောက်လျှောက် လမ်းဖောက်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်အတွက် လေကြောင်းလမ်း ထွက်ပေါက်အဖြစ် ရည်ရွယ်ထားသည့် ကျောက်ထု လေယာဉ် ကွင်းသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကိုလည်း တည်ဆောက် လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဟု သိရသည်။

ပြည်နယ်၊ တိုင်းဒေသများအားလုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုး တိုးတက်ပါမှ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ တိုးပွားခိုင်မြဲမည်ဟူသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေး အစီအမံများကို အလေးထား စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏အမျိုးသားရေး မူဝါဒ လမ်းစဉ်များနှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ကြရင်း ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၉-၈-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Family (ဒုတိယနှစ်-အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၈။ မေးမြန်းစုံစမ်း
- ၇:၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂၃)
- ၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အဆိပ်မယ်နှင့် ငါးဒေဝီ"** (အပိုင်း-၁)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ရန်ကုန်တိုင်းအတွင်းရှိ တရားသူကြီးများအား ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၈

တရားရုံးချုပ်(ရန်ကုန်)တွင် ဇူလိုင် ၂၆၊ ၂၇ နှင့် ၂၈ရက်တို့၌ ကျင်းပခဲ့သော တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲကို ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေက တိုင်းအတွင်းရှိ တိုင်း/ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများအား ယမန်နေ့နံနက်၉ နာရီက ဗဟန်းကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းတရားသူကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာအမှာစကား များကိုလည်းကောင်း၊ တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်များ၏ လုပ်ငန်းမှာကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ညွှန်ကြားရေးမှူးများ၏ လုပ်ငန်း မှာကြားချက်များကိုလည်းကောင်း အသေးစိတ် ထပ်ဆင့် ရှင်းလင်း ပြောကြားသည်။

ထို့အပြင် ပြည်သူအားကိုးယုံကြည်သော တရားရုံးများ ဖြစ်လာရေး၊ တရားစီရင်ရေးအဆင့်မြင့်မားရေး၊ တရားသူကြီးများ အရည်အသွေးမြှင့်တင်ရေး၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေး၊လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် တရားဥပဒေနှင့်အညီအမှုများကိုစီရင်ဆုံးဖြတ်ရေး၊တရားရုံးအဆင့်ဆင့်ကြပ်မတ်စစ်ဆေးရေးစသည့်လက်တွေ့လုပ်ငန်းများကိုလည်း အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ဆောက်လုပ်ရေးနှင့် အထွေထွေ ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ် (အဋ္ဌမအကြိမ်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင်၂၅ ရက်က မရမ်းကုန်း မြို့နယ်အမက (၂၇) ကျောင်းခန်းမတွင် ကျင်းပရာ ရွေးချယ်ခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (က-ပ)

လက်ခံရယူ

အမှတ်၅၅၃/(ခ)အနော်မာလမ်း၊ ၁၃/ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်နေ ဒေါ်နှင်းရင်နှင့် သားသမီးတစ်စုတို့က ကွယ်လွန်သူ ဦးစိန်ခင်အား ရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးညွန့်က လက်ခံရယူစဉ်။ (က-ပ)

■ **ကျောဖုံးမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပထမပိုင်းအစီအစဉ်ဖြစ်သည့် စိန်ရတနာစံကျောင်းတော်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစံကျောင်းတော်ရှေ့၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် စံကျောင်းတော်အလှူရှင် ဦးဟုတ်စွီ–ဒေါ်ခင်စိန် တို့က စိန်ရတနာစံကျောင်းတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိန်ရတနာစံကျောင်းတော် ကမ္ပည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ရတနာစံကျောင်းတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အားဖူးမြော်ကြည်ညိုပြီး သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပဲခူး)ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနအားဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ရေစက်ချမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အဆိုပါ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာရှိ ရှမ်းလေးမဟာဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သောဘနနှင့် ပင့်ဆရာတော် သံဃာတော်များကြွရောက်တော်မူကြသည်။

သီလဆောက်တည်

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပဲခူး) ပဓာနနာယက ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝမ်းဘောဒတ်သာသနာ့ ဝေပုလ္လကျောင်း ဆရာတော် ဘဒ္ဒန္တဝိသာလအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရစာသင်တိုက်ဆရာတော်၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)ပဓာနနာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)ဘက်စုံတည်ဆောက်ရေးအတွက် ပဉ္စမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကိုကျင်းပရာ စိန်ရတနာစံကျောင်းဒါယကာ ရန်ကုန်မြို့ အလုံမြို့နယ်နှင်းဆီကုန်းလမ်းမှ ဦးဟုတ်စွီ–ဒါယိကာမဒေါ်ခင်စိန်နှင့် သားသမီးမြေးများက ငွေကျပ် ၁၁၇၉သိန်း၊ ရန်ကုန်မြို့ ဘုရင့်နောင် ရှမ်းလေးပွဲရုံမှ ဦးတင့်လွင်–ဒေါ်ကြူကြူသင်း သားသမီးမြေးတစ်စုက ငွေကျပ် သိန်း ၁၈၀၊ နှစ်ဖက်မိဘများ၊ ခင်ပွန်းဦးမြင့်လေးနှင့် သမီးမတင်တင်စိန်တို့အားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းမှ ဒေါ်လှရီ သားသမီးမြေးတစ်စုက ငွေကျပ်သိန်း ၈၀၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း တိုးတက်လင်းကုမ္ပဏီမှ ဦးကြည်မျိုး – ဒေါ်ကြည်ကြည်လွင် သားသမီးတစ်စုက ငွေကျပ် ၇၇သိန်း၊ ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဦးဘုန်းမြင့်–ဒေါ်လင်းမြင့် မိသားစု၊ ကပ္ပတိန်ထင်ကျော်–ဒေါ်ကြည်မြ သားသမီး မြေးတစ်စုနှင့် ကွယ်လွန်သူ ဦးအောင်မြင့်အား ရည်စူး၍ ဒေါ်ရောက်ကြူနှင့် သားများ၊ (Crown) သကြားပွဲရုံတို့က ငွေကျပ် ၄၅ သိန်းစီ၊ ရန်ကုန်မြို့မှ ဦးဇေယျာတင်–ဒေါ်ဝင်းရီ၊ သမီး အိအိဇေယျာတင် မိသားစုက ငွေကျပ် သိန်း ၄၀၊ ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဦးဘသွင်(အငြိမ်းစားသံအမတ်ကြီး)–ဒေါ်သိန်းတင့် (ကထိက၊ငြိမ်း)၊သားကိုလှိုင်မြင့်၊ ကိုဉာဏ်လင်း မိသားစုနှင့် နှစ်ဖက်ဘိုးဘွားများနှင့် ဖခင်ဦးအေး–မိခင်ဒေါ်တင်ယုအား ရည်စူး၍ သမီးဒေါ်အေးအေးမြင့် (နိုင်ငံခြားရေးဝန်ကြီးဌာန) မိသားစုတို့က ငွေကျပ် ၃၆ သိန်းစီ၊ ဦးအောင်ကြိုင်–ဒေါ်အုံးမြင့်(မြသုံးလုံး ဒန်သတ္တုလုပ်ငန်း) က ငွေကျပ် ၂၆ သိန်း၊နှစ်ဖက်မိဘများအမှူးထား၍ ဦးမျိုးမြင့်–ဒေါ်သိန်းသိန်းဝင်း၊သမီးမကလျာမျိုးမြင့်၊ မနွေနိုနိုဝင်း၊ သားဘိုဘိုမျိုးမြင့်၊ ငြိမ်းကိုကို (Super Boy,Zarni) ယုဇနပလာဇာ၊ နှစ်ဖက်သော မိဘများရည်စူး၍ ဦးအောင်ငြိမ်း–ဒေါ်ခင်သန်းစိုး(ရွှေလဝင်းမုန့်ဟင်းခါး)မိသားစု၊ သာကေတ မိဘများအားရည်စူး၍ ရန်ကုန်မြို့ ရှုခင်းသာအိမ်ရာမှ ဦးဝင်းကို–ဒေါ်သက်သက်နှင့် ဒေါ်စောမြိုင်နှင့် နှစ်ဖက်မိဘများအမှူးထား၍ ရန်ကုန်မြို့ ပါရမီလမ်း ငွေကြာရုံရိပ်သာမှ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)–ဒေါ်ခင်လှဝင်း၊ သား မောင်ကြည်မွန်ဦး၊ မောင်ဝင်းမွန်(ခေတ္တ USA)၊ သမီး မစန္ဒာမွန်၊ သား မောင်သူရထွန်း–မစောလဲ့မွန် မိသားစုတို့က ငွေကျပ် ၂၅ သိန်းစီ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ရွှေဂုံသူ အိမ်ရာမှ ဒေါ်သန်းသန်းဆင့် (ရွှေပုစွန်ခြောက်ဆိုင်–သိမ်ကြီးဈေး)၊ သားသမီး မြေးတစ်စု၊ ဦးကြည်လွင်–ဒေါ်အေး၊ သား မောင်သူရထွန်း (Seagull)မိသားစု၊ မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ရွှေဂုံတိုင် အေးချမ်းသာလမ်းမှ ဦးမြင့်သောင်း–ဒေါ်စိုးနွယ်နွယ်၊ သား ဒေါက်တာဝင်းကိုကိုသောင်း–ဒေါက်တာမေဦးခိုင်၊ ဒေါက်တာမင်းကိုကိုသောင်းမိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့ နတ်မောက်ရိပ်သာလမ်းမှ ဦးခင်မောင်ကြည်–ဒေါ်ဆန်းဆန်းလှ၊ သမီး အေးစုစုကြည်၊ သား အေးမောင်မောင်ကြည်၊ ဇေယျာကြည် မိသားစု၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးမြင့်လွင်ခိုင်–ဒေါ်မြင့်မြင့်တင်၊ သား ဖြိုးဝေခိုင်၊ သမီး ခင်ဇာဖြူခိုင် (သိဒ္ဓိဗလ ရောင်စုံပုံနှိပ်တိုက်)မိသားစု၊ ဖခင် ဦးမောင်မောင်–မိခင် ဒေါ်စန်းကြည်အားရည်စူး၍ ရန်ကုန်မြို့ ကျောက်ကုန်း သီရိလမ်းမှ ဒေါက်တာစန်းမောင်–ဒေါ်ဝင်းမော်အောင် မိသားစု၊ မြိတ်မြို့မှ ဦးကျော်မင်း–ဒေါ်အေးအေးချို မိသားစု၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်မှ ဦးမောင်တင်–ဒေါ်ဘီမိသားစု၊ ဦးစင်ချိန်ဟင်း–ဒေါ်ခင်အေး မိသားစု(ပွင့်ဆန်းထရေးဒင်းကုမ္ပဏီ)၊ ရန်ကုန်မြို့ လသာမြို့နယ်မှ ဦးစိန်–ဒေါ်စွမ်တီ မိသားစု၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးနီ–ဒေါ်ကျင်လှ သားသမီး မြေးတစ်စု၊ ရန်ကုန်မြို့ ကန်တော်ကလေးမှ ဒေါ်စန်း၊ သမီး မအေးမာ မိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ကန်တော်ကလေးမှ ဦးဝင်းမြင့်–ဒေါ်ခင်ဝင်းမူ မိသားစု၊ အဘွားနှင့် နှစ်ဖက်မိဘများ အမှူးထား၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်မှ ကိုသိန်းမြင့်–မသွယ်သွယ်အောင်၊ သား ပြည့်ဖြိုးပိုင်၊ သမီး မစုစုဝေ မိသားစု၊ ရန်ကုန်မြို့ ကျောက်မြောင်းမှ ဦးဝင်းအောင်ချစ်–ဒေါ်ခင်မျိုးမြတ်ကျော်၊ သမီး စနိုးချစ် မိသားစု၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှ ဒေါ်ကြင်လှိုင်မိသားစု၊ ရန်ကုန်မြို့ အလုံမြို့နယ်မှ ဒေါက်တာသန့်စင်–ဒေါက်တာ ဒေါ်စိန်စိန် မိသားစုတို့က ငွေကျပ်သိန်း ၂၀ စီ၊ (ဦးအောင်သိန်း)–ဒေါ်သန်းသန်းအောင်(စည်တော်ဝန်းခရီးသွားလာရေးလုပ်ငန်း)မိသားစုက ငွေကျပ် ၁၄ သိန်း၊ ရန်ကုန်မြို့မှ ဖခင် ဦးမောင်ဆိုင်အား ရည်စူး၍ ဒေါ်ကျင်ရွှေ(ပန်းပေါင်းစုံဆေးတိုက်) မိသားစု၊ ဘိုးဘွားမိဘများအား အမှူးထား၍ ဇနီးအား ရည်စူးပြီး ရန်ကုန်မြို့မှ ဦးလှကျော်(ရွှေလင်းယုံသက်န်းတိုက်)၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်မှ ဦးကျော်မြင့်–ဒေါ်စောကြူအား အမှူးထား၍ သား မောင်သန်းမြင့်၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးဟိုက်ရုံ–ဒေါ်ထွေးအား ရည်စူး၍ သားသမီးမြေးမြစ်တစ်စုရန်ကုန်မြို့ လမ်းမတော်မြို့နယ်မှ ဦးထွန်းကျော်ဦး–ဒေါ်မြမြငွေး၊ နှစ်ဖက်မိဘများ ဦးထိပ်ထား၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးတင်အောင်–ဒေါ်ယမင်းမြင့်၊ သမီး မဆုဝတီအောင် မိသားစုနှင့် ရန်ကုန်မြို့ ကန်တော်ကလေးမှ ဦးသိန်းဟန်– ဒေါ်ခင်ညွန့် မိသားစုတို့က ငွေကျပ် ၁၀၈၀၀၀၀၀စီ၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မှ ဒေါက်တာကြည်လွင်–ဒေါ်လှလှကြည် မိသားစု(ချမ်းအေးဆေးတိုက်)၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်မှ ဦးဝင်းစိုး–ဒေါ်သီတာ၊ သမီး ပွင့်ဖြူဝင်း၊ နှင်းဖြူဝင်းမိသားစု၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးအေးသိန်း–ဒေါ်ရီရီမြင့်၊ သား မောင်အာကာမိုးဦး၊ ဘိုဖြူမိုးဦး မိသားစုနှင့် ရှိုင်းဟုပ် မိသားစုဝင် ဒေါ်မြမြ၊ ဒေါ်လှလှ၊ အန်တီကောင်း၊ တူမ မွှေးမွှေး(မင်္ဂလာဈေး)တို့က ငွေကျပ်၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက လက်ခံယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)၌ တည်ထားကိုးကွယ်မည့် လိုပြည့်အေးချမ်းသာစေတီတော်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စေတီတော်တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)၌ တည်ထားကိုးကွယ်ရန် တည်ဆောက်နေသည့် လိုပြည့်အေးချမ်းသာစေတီတော်ပုံစံငယ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ စိန်ရတနာစံကျောင်းတော်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် စင်ကာပူနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ ခုနှစ် ဩဂုတ် ၉ ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ပရော်ဖက်ဆာ အက်စ်ဂျာယာကူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဘာဆာရာ၌အခြေစိုက်သော ဗြိတိသျှတပ်ဖွဲ့ဝင်များအား ဆာဒါ၏ ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ခိုက်

ဘာဆာရာ သြဂုတ် ၅

အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ၎င်းတို့၏ ပြောက်ကျားအဖွဲ့ဝင်လေးဦး အဖမ်းခံရပြီးနောက်ပိုင်း ဘာဆာရာ၌အခြေစိုက်သော ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ကြသည်။

ဘာဆာရာမြောက်ပိုင်းရှိ အယ်လ်ဂါမာတံတားတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ၁၅မိနစ်ကြာ တိုက်ပွဲ၌ ပြောက်ကျားတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ဘာဆာရာရှိ ဆာဒါ၏ကိုယ်စားလှယ် ရှိခ်ဆက်ဒ်အယ်လ်ဘာဆရီက ပြောကြားသည်။

ယင်းသို့ ဖြစ်ပွားသည့်တိုက်ပွဲ၌ အခြားပြောက်ကျားအဖွဲ့ဝင်သုံးဦး ဒဏ်ရာရပြီး ဗြိတိသျှတို့၏ စစ်ယာဉ်နှစ်စီး ပျက်စီးကြောင်း ဘာဆရီက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ခေါင်းဆောင် မော့တာဒါ အယ်လ်ဆာဒါ၏ တပ်ဖွဲ့ဝင်များ ဘာဆာရာမြို့တောင်ပိုင်း၌ သြဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ဖိလစ်ပိုင်အလုပ်သမားများ အလုပ်လုပ်ခွင့် ဖိလစ်ပိုင်အစိုးရက ဆက်လက်ပိတ်ပင်ထားမည်

မနီလာ သြဂုတ် ၆

ဖိလစ်ပိုင်အစိုးရသည် အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် လွဲပို့သော ငွေဒေါ်လာသန်း ၁၀၀ ကျော် ဆုံးရသော်ငြားလည်း ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများအား အီရတ်၌ အလုပ်လုပ်ကိုင်စေခြင်းကို ဆက်လက်ပိတ်ပင်တားမြစ်ရန် ဆုံးဖြတ်လိုက်သည်။

အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများနှင့် နိုင်ငံခြားသား အလုပ်သမားများအား ပြန်ပေးဆွဲမှုများ တိုးမြှင့်လာမှုကြောင့် ပိတ်ပင်မြဲ ပိတ်ပင်ထားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ပင်လယ်ရပ်ခြား အလုပ်အကိုင် အေဂျင်စီအကြီးအကဲ ရိုဆလင်ဒါဘောလ်ဒို့ဇ်က ကြာသပတေးနေ့၌ ပြောကြားသည်။

ဆုံးဖြတ်

အီရတ်လုံခြုံရေးအခြေအနေကို အကဲဖြတ်ရန် အရှေ့အလယ်ပိုင်းဆိုင်ရာ အစိုးရ အထူးသံတမန် ရှိုင်းစီမာတူနှင့် ဆွေးနွေးပြီးနောက် ထိုသို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဘောလ်ဒို့ဇ်က ပြောကြားသည်။

အန္တရာယ်ကြီး

အီရတ်နိုင်ငံ၌ ဗုံးခွဲမှုများ ပိုမိုဖြစ်ပွားလာသဖြင့် ယခုအချိန်၌ ဖိလစ်ပိုင် အလုပ်သမားများအား အီရတ်သို့ ပို့လွှတ်ခြင်းသည် အလွန်အန္တရာယ်ကြီးကြောင်း ဘောလ်ဒို့ဇ်က ပြောကြားသည်။

ရုပ်သိမ်းရန်မမြင်

စီမာတူ၏ လုံခြုံရေး အကဲဖြတ်မှုအပေါ် အခြေပြု၍ ယခုအချိန်၌ ပိတ်ပင်တားမြစ်ချက်ကို ရုပ်သိမ်းရန်မမြင်ကြောင်း သူမက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြန်ပေးဆွဲမှုများကြောင့် အီရတ်တည်ဆောက်ရေးထိခိုက် မိုဆူးလ်၌ အမေရိကန်စစ်ယာဉ်တန်းအား ပစ်မှတ်ထား ဗုံးခွဲ

အမ္မန် သြဂုတ် ၆

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသော ဂျော်ဒန်နိုင်ငံသားလေးဦးကို ပြန်ပေးသမားတို့က ဖော်လူဂျာမြို့၌ ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။ အလားတူ တူရကီယာဉ်မောင်းနှစ်ဦးကိုလည်း သီးခြားအဖွဲ့တစ်ဖွဲ့က ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

ဂျော်ဒန်ဓားစာခံများ လွတ်မြောက်လာခြင်းနှင့် ပတ်သက်ပြီး သတင်းအမျိုးမျိုးထွက်ပေါ်လျက်ရှိရာ အချို့က ဖော်လူဂျာလူမျိုးစု ခေါင်းဆောင်များ ကြားဝင်စေ့စပ်ပေးခြင်းကြောင့် လွတ်မြောက်လာခြင်းဖြစ်ကြောင်း ပြောကြားကြပြီး အချို့က ဓားစာခံများအား ထိန်းသိမ်းထားရာတွင် အဆောက်အအုံကို လူမျိုးစုခေါင်းဆောင်များက စီးနင်းဝင်ရောက်ခဲ့ရာမှ ပြန်လွတ်လာခြင်းဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။

ဖမ်းဆီး

ဂျော်ဒန်ဓားစာခံများကို အီရတ်ရှိ ခုခံတိုက်ခိုက်ရေးအုပ်စုက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ဆက်ကြေးပေးရခြင်းမရှိခဲ့ကြောင်း သိရှိရသည်။ တူရကီဓားစာခံနှစ်ဦးအား ဂျော်ဒန်နိုင်ငံဖွား အဘူမူဆက်ဖ်အယ်လ်ဇာကာဝီ ဦးဆောင်သည့်အဖွဲ့က ပြန်ပေးဆွဲခဲ့ဖွယ်ရှိကာ ဓားစာခံများ၏ ကုမ္ပဏီက အီရတ်တွင် ၎င်း၏လုပ်ငန်းများ ရပ်ဆိုင်းပေးခဲ့ခြင်းကြောင့် ပြန်လွတ်လာဖွယ်ရှိကြောင်း ပြောကြားလျက်ရှိကြသည်။

နစ်နာ

ဓားစာခံများကို ပြန်ပေးဆွဲ ခေါ်ဆောင်ခြင်းကြောင့် ကုမ္ပဏီအတော်များများ အီရတ်မှ ထွက်ခွာကြသည့်အတွက် အီရတ်ပြန်လည်တည်ဆောက်ရေးကို ထိခိုက်နစ်နာစေလျက်ရှိသည်။

ပျက်စီး

ဤအတောအတွင်း အကြမ်းဖက်လုပ်ရပ်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့် အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းတွင် အမေရိကန်စစ်ယာဉ်တန်းအား ပစ်မှတ်ထားသည့် လမ်းဘေးဗုံး ဖောက်ခွဲခဲ့ရာ အီရတ်နှစ်ဦးသေဆုံးပြီး အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး ပျက်စီးသွားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အိန္ဒိယ-ပါကစ္စတန်ငြိမ်းချမ်းရေးထွန်းကားစေရန် ပါကစ္စတန်ရှိကျေးရွာလေးအား စံပြရွာသတ်မှတ်

အစ္စလမ္မာဘတ် သြဂုတ် ၆

ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနှင့် ပါကစ္စတန်ငြိမ်းချမ်းရေး တိုးတက်မှု ပိုမိုဖြစ်ထွန်းစေရန်အတွက် အိန္ဒိယဝန်ကြီးချုပ်သစ် မွေးဖွားရာကျေးရွာလေးကို စံပြရွာတစ်ရွာအဖြစ် အဆင့်မြင့် တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ကြာသပတေးနေ့က ကြေညာချက် ထုတ်ပြန်လိုက်သည်။

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်း(၇၁)နှစ်အား ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အစ္စလမ္မာဘတ် အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာ ဂါ့ကျေးရွာရှိ ဆင်းမိသားစုမှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၁၉၃၀ ပြည့်လွန်နှစ်များက အဆိုပါကျေးရွာလေးတွင် အခြေခံမူလတန်းပညာ သင်ယူပြီးမြောက်ခဲ့သည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ၁၉၄၇ ခုနှစ်က ဗြိတိန်ထံမှ လွတ်လပ်ရေးရရှိခဲ့ချိန်မတိုင်မီ ဆင်း၏ ဖခင်သည် ဂါ့ကျေးရွာမှ သူ၏မိသားစုကို ပြောင်းရွှေ့သွားခဲ့သည်။

ပါကစ္စတန် ကြားဖြတ်ဝန်ကြီးချုပ် ချောင်ဒရီရှုဂျာအက်ဟူစိန်က ဂါ့ကျေးရွာအား စံပြကျေးရွာအဖြစ်ကြေညာရန် ပြည်နယ်အစိုးရကို ညွှန်ကြားခဲ့သည်။ ကျောင်းကိုလည်း မန်မိုဟန်ဆင်း ယောကျ်ားလေးများမူလတန်းကျောင်းဟု အမည်ပေးလိုက်သည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည်လည်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မွေးဖွားခဲ့သူဖြစ်သဖြင့် အိန္ဒိယနှင့် ပါကစ္စတန်တို့၏ အနာဂတ်ဆက်ဆံရေးကို အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မီးလောင်

ဘဂ္ဂဒက်အနောက်ဘက်၌ အမေရိကန်၏ အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် မက်ဒီတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားပြီးနောက်မီးလောင်နေသည်ကို သြဂုတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို နှိပ်စက်သည့် စုံစမ်းစစ်ဆေးမှု — တာဝန်ရှိသူကို မဖော်ထုတ်နိုင်သေး

ဝါရှင်တန် သြဂုတ် ၆

အီရတ်နိုင်ငံရှိ အဘူဂါရိုပ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုနှင့် ပတ်သက်ပြီး အမေရိကန်စစ်ဘက်ဆိုင်ရာက စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ ယခုအချိန်အထိ ရာထူးအဆင့်နိမ့် အမေရိကန်တပ်ဖွဲ့ဝင် အနည်းငယ်ကိုသာ စစ်ဆေးခဲ့ကြောင်း ထိပ်တန်းစစ်ဘက်အရာရှိများ မပါဝင်ကြောင်း သိရသည်။

မဖော်ထုတ်နိုင်

အီရတ်အကျဉ်းသားအရေးကိစ္စ စုံစမ်းစစ်ဆေးမှုကို အမေရိကန်စစ်ဘက်ဆိုင်ရာက ဆောင်ရွက်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မည်သူ၌ တာဝန်ရှိသည်ဆိုသည်မှာ ယခုအချိန်အထိ မဖော်ထုတ်နိုင်သေးကြောင်း အကျဉ်းသားအရေးကိစ္စနှင့် ပတ်သက်ပြီး မေးခွန်းများစွာ ဖြေကြားရန် ကျန်ရှိနေကြောင်း သိရသည်။

ကြီးကြပ်မှုအားနည်း

ဇူလိုင်လကုန်၌ ထုတ်ပြန်ခဲ့သော စစ်ဘက် စစ်ဆေးရေးအရာရှိချုပ်၏ အစီရင်ခံစာတွင် အကျဉ်းသားများအား နှိပ်စက်မှုသည် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ လုပ်ရပ်ဖြစ်ကြောင်း သက်ဆိုင်ရာ အရာရှိများ၏ ကြီးကြပ်မှုလည်း အားနည်းကြောင်း ဖော်ပြခဲ့သည်။ အစီရင်ခံစာသည် တိကျသေချာသော စုံစမ်းစစ်ဆေးမှုတစ်ရပ်မဟုတ်ကြောင်းလည်း အဆိုပါအရာရှိချုပ်က ဖော်ပြခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်ရဲအဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့၌ တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အီရတ်ရဲအဖွဲ့နှင့် အမည်မသိခုခံတိုက်ခိုက်ရေး လက်နက်ကိုင်ပြောက်ကျားများ ဗုဒ္ဓဟူးနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ အရပ်သား ၁၂ ဦးထက်မနည်းသေဆုံးပြီး ၂၆ ဦးဒဏ်ရာရခဲ့သည်ဟု ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့အစောပိုင်း၌ ကာတာအခြေစိုက် အယ်လ်ဂျာဇီရာရုပ်မြင်သံကြားသတင်းဌာနက မျက်နှာဖုံးစွပ်ထားကြသော ခုခံတိုက်ခိုက်ရေး လက်နက်ကိုင်ပြောက်ကျားများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တို့ လမ်းများအတွင်း၌ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်လွှင့်ခဲ့သည်။

တိုက်ပွဲပြင်းထန်

မိုဆူးလ်မြို့အနောက်တောင်ဘက်ပိုင်း၌ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် တိုက်ပွဲအပြင်းအထန် စတင်ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲသံကြီးများ၊ လက်နက်ကြီးပစ်ခတ်သံများ တုန်ဟည်းနေကြောင်း အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်သည်။

ပိတ်ဆို့ထား

တိုက်ပွဲဖြစ်ပွားရာ နှစ်နေရာကို အီရတ်ရဲအဖွဲ့က ပိတ်ဆို့ထားလိုက်ပြီး ဈေးဆိုင်များမထွက်ကြဘဲ ပိတ်ထားခဲ့ကြောင်းလည်း အယ်လ်ဂျာဇီရာက ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂွမ်တာနာမို၌အကျဉ်းသားများအားနှိပ်စက်သည့် စွပ်စွဲချက်များ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့ ထပ်မံရင်ဆိုင်နေကြရ

လန်ဒန် ဩဂုတ် ၅

ကျူးဘားရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်း၌ မိမိတို့အား ဖမ်းဆီးချုပ်နှောင်ထားစဉ် မိမိတို့သည် ထပ်ခါတလဲလဲညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း ဖမ်းဆီးခံရသူ ဗြိတိသျှလူမျိုးသုံးဦးက အခိုင်အမာပြောဆိုခဲ့ကြပြီးနောက် ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဂွမ်တာနာမို အကျဉ်းစခန်း၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက်အသစ်များနှင့် ထပ်မံရင်ဆိုင်နေကြရသည်။

စွပ်စွဲချက်များသည် ဖြစ်ရပ်မှတ်တမ်းသစ်တွင်ပါဝင်ပြီး အာဖဂန်နစ္စတန်၌ ဖမ်းဆီးခြင်းခံရကာ နောက်ပိုင်း၌ ဂွမ်တာနာမိုတွင် နှစ်နှစ်ကြာ ဖမ်းဆီးထားခြင်းခံခဲ့ရသူ ဗြိတိန်နိုင်ငံသား သုံးဦး ထိုးကြိတ်ရိုက်နှက်ခြင်း ခံခဲ့ရသည့် အကြောင်းအရာအသေးစိတ်ကိုဖော်ပြထားသည်။

စွပ်စွဲခဲ့

ဖမ်းဆီးခြင်းခံခဲ့ရသူ ဗြိတိန်နိုင်ငံသား သုံးဦးဖြစ်သူ ရှုဟဲလ်အာမက်၊ ရှာဖစ်ရာဆူလ်နှင့် အဆစ်ဖ်အစ်ဘောလ်တို့ သုံးဦးက ၎င်းတို့သည် ထပ်ပြန်တလဲ ထိုးကြိတ်ခြင်း၊ လက်ထိပ်ခြေထိပ်ခတ်ခြင်းတို့ကို စစ်မေးစဉ်အတွင်း ပြုလုပ်ခြင်းခံခဲ့ရကြောင်း၊ ထို့ပြင် မအိပ်ရအောင် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရကြောင်းလည်း စွပ်စွဲခဲ့ကြသည်။

ချုပ်နှောင်

ဗြိတိန်နိုင်ငံသား ကိုးဦးအား ဂွမ်တာနာမို အကျဉ်းစခန်း၌ တရားစွဲဆိုခြင်းမရှိ သို့မဟုတ် ရှေ့နေတစ်ဦးကို အသုံးပြုခွင့်မပေးဘဲ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

အာမက်၊ ရာဆူလ်နှင့် အစ်ဘောလ်တို့ သုံးဦးမှာ မတ်လထဲ၌ လွှတ်ပေးခြင်းခံခဲ့ရသူ ငါးဦးတွင် ပါဝင်ခဲ့သည်။

ဗြိတိသျှအစိုးရသည် အမေရိကန်အခြေစိုက်စခန်း၌ ဖမ်းဆီးချုပ်နှောင်ထားသော ဗြိတိန်နိုင်ငံသားသုံးဦးနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးနေဆဲရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တောင်ဘက် ရဲစခန်းတစ်ခုအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့များစေလွှတ်မည်မဟုတ် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ထပ်မံပြောကြား

ကိုင်ရို ဩဂုတ် ၆

မိမိ၏နိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်မည်မဟုတ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူလ်ဂျာဟစ်က ဗုဒ္ဓဟူးနေ့တွင် ထပ်မံ ပြောကြားလိုက်သည်။

အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ အီဂျစ်၏ ရပ်တည်ချက်သည် ရှင်းလင်းကြောင်း၊ မည်သည့်တပ်ဖွဲ့ကို မဆို အီရတ်သို့ စေလွှတ်ခြင်းကို အီဂျစ်ကန့်ကွက်ကြောင်း၊ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များနေရာတွင် အာရပ်နှင့် အစ္စလမ္မစ်တပ်ဖွဲ့များ အစားထိုးရန် ဆော်ဒီ၏အဆိုပြုချက်အပေါ် တုံ့ပြန်ရာတွင် အဘူလ်ဂျာဟစ်က သတင်းထောက်များအား ထို့သို့ပြောကြားခြင်းဖြစ်သည်။

အတိအလင်း

အီဂျစ်တွင် အီရတ်ရဲအရာရှိများအား သင်တန်းပေးရန် အဆိုပြုထားသော အီဂျစ်က အီရတ်သို့ တပ်ဖွဲ့များစေလွှတ်ရန် အစီအစဉ်မရှိကြောင်း အတိအလင်းပြောကြားခြင်း ဖြစ်သည်။

အတည်ပြု

လွန်ခဲ့သည့်လက အီရတ်တွင် အီဂျစ်သံတမန်တစ်ဦး ပြန်ပေးဆွဲခံခဲ့ရပြီးနောက် ချက်ချင်းပင် အီဂျစ်သည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ရန် စဉ်းစားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာဆာရာမြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေး စောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တောင်ဘက်ရှိ မာဟာဝီမြို့ရဲစခန်း ခုခံတိုက်ခိုက်ရေးသမားများ ကားဗုံးဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၅

ဘဂ္ဂဒက်တောင်ဘက်ရှိ ရဲစခန်းတစ်ခုအပြင်ဘက်တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများက မီနီဘတ်စ်တစ်စီးကို ဗုံးဖောက်ခွဲပြီး လူအုပ်ကြီးအား ပစ်ခတ်သဖြင့် လူငါးဦးထက်မနည်း သေဆုံးပြီး ၂၁ ဦးဒဏ်ရာရခဲ့ကြောင်း အီရတ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲမှုသည် ဘဂ္ဂဒက်တောင်ဘက် ၅၃ မိုင်ရှိ မာဟာဝီမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆရာဝန် အလီအယ်လ်ဆူဒါနီက ပြောကြားသည်။

လူနှစ်ဦးသည် မီနီဘတ်စ်ထဲမှထွက်လာပြီး ရဲစခန်းနားသို့ ကပ်လာကာ စတင်ပစ်ခတ်ခဲ့ကြောင်း၊ ယာဉ်မောင်းသူက ကားကို ဆက်မောင်းပြီးနောက် ဖောက်ခွဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဆာဘာခက်ဒ်ဒင်မ်က ပြောကြားသည်။ ဖြစ်ပွားရာနေရာမှ လူနှစ်ဦးထွက်ပြေးသွားကြောင်း ခက်ဒ်ဒင်မ်က ပြောကြားသည်။

အီရတ်ကြားဖြတ်အစိုးရ မတည်ငြိမ်စေရန် ခုခံတိုက်ခိုက်ရေးသမားများက လုပ်ဆောင်လျက်ရှိရာတွင် ရဲအဖွဲ့သည် မကြာခဏ ပစ်မှတ်ဖြစ်ခဲ့သည်။ ခုခံတိုက်ခိုက်ရေးသမားများက ရဲအဖွဲ့အား အမေရိကန်အပေါင်းပါတပ်များနှင့် ပူးပေါင်းသူများအဖြစ် ရှုမြင်ထားကြသည်။ **(အင်တာနက်)**

ခေါင်းချင်းဆက် ဖိလစ်ပိုင် အမြွှာညီအစ်ကိုအား အောင်မြင်စွာ ခွဲစိတ်နိုင်ပြီ

မနီလာ ဩဂုတ် ၇

ဖိလစ်ပိုင်နိုင်ငံမှ နှစ်နှစ်သားအရွယ် ခေါင်းချင်းဆက်အမြွှာညီအစ်ကို ကားလ်စ်နှင့် ကလဲရန့်စ်တို့အား နယူးယောက်မြို့တွင် ခွဲစိတ်ကုဆရာဝန်များက ဗုဒ္ဓဟူးနေ့ည၌ သီးခြားစီဖြစ်အောင် ခွဲစိတ် ဖယ်ရှားပေးခဲ့ပြီ ဖြစ်သည်။

ခွဲစိတ်မှုအောင်မြင်ပြီး အမြွှာညီအစ်ကို အသက်ရှင်လျက်ရှိခြင်းကြောင့် ဝမ်းသာမဆုံးဖြစ်လျက်ရှိကြသည်။ အဆိုပါခွဲစိတ်မှုအတွက် ကနဦး ခွဲစိတ်မှုအဆင့်ဆင့်ကို တစ်နှစ်ခန့် အချိန်ယူပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ သီးခြားစီဖယ်ရှားနိုင်ခဲ့သည့် အဆင့်ခွဲစိတ်မှုမှာ စတုတ္ထမြောက် ခွဲစိတ်မှုဖြစ်သည်။

ကွန်ရက်သဖွယ်ရှုပ်ထွေးလှသော အမြွှာညီအစ်ကိုနှစ်ဦး၏ သွေးပြန်ကြောများကို သီးခြားစီ ဖယ်ရှားပေးနိုင်ခဲ့သည့်အပြင် ပုံမှန်ဘဝမျိုးဖြင့် အသက်ဆက်လက်ရှင်သန်မည့်အခွင့်အရေး များစွာ ရှိနေပြီဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

❒ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒဂုံမြို့သစ် (တောင်ပိုင်း) နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏအမှူးပြုသော ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်ကျောင်းများမှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီး အရာရှိချုပ်(ရေ)နှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဒဂုံမြို့သစ် လေးမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု များနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဦးအောင်မြတ် (Motherland Co., Ltd.)၏ လှူဒါန်းငွေ ကျပ်ဆယ်သိန်းကို လက်ခံစဉ်။ (သတင်းစဉ်)

များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တိုင်းမှူး၊ ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ ကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီး နေဝင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ကြီးထံ အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

အလှူတော်ငွေစိုက်ထူလှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် တစ်သိန်း ရှစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ငါးသောင်း လေးထောင်၊ ဦးအောင်မြတ် (Mother Land Co., Ltd)က ငွေကျပ် ၁၀ သိန်း၊ ဦးရန်ဟော် (Asia Metal Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ ဦးဝင်းလွင်(ကျော်သာကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာမောင်မောင်အေး (မိုးဟိန်းကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် (ပထမဆင့်) ဦးဌေးမြင့်–ဒေါ်အေးအေးမော် (ယုဇနကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူဖခင်ကြီးအား ရည်စူး၍ ဒေါ်ဆင့်ဆင့် မိသားစုက ငွေကျပ် ငါးသိန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ငါးသိန်း၊ စက်မှုဇုန်(၂)စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ငါးသိန်း၊ စက်မှုဇုန်(၃) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ငါးသိန်း သုံးသောင်း ရှစ်ထောင်၊ ဦးစိန်လှဝင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ကိုကျော်နိုင်ဦးနှင့် ညီအစ်ကိုများ (Naing Group) က ငွေကျပ် လေးသိန်း၊ ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd.) က ငွေကျပ် လေးသိန်း၊ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာ ရတနာရွှေဆိုင်)က ငွေကျပ် လေးသိန်း၊ ဦးတင့်ဆန်း(အေစီအီး ဆောက်လုပ်ရေး)က ငွေကျပ် လေးသိန်း၊ဒေါက်တာမိုးတင်က ငွေကျပ်လေးသိန်း၊ဦးခင်ဇော် (ကျားကိုးကောင် ကားထုတ်လုပ်ရေး) က ငွေကျပ် လေးသိန်း၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် (ဘီတီဘီကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ မြန်မာပြည်သားဟော့ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ILBC ကျောင်းသားကျောင်းသူလေးများက ငွေကျပ် သုံးသိန်း၊ ဦးစိုးတင့် (စိုးလျှပ်စစ်) မိသားစုက ငွေကျပ် သုံးသိန်း၊ စက်မှုဇုန်(၁) လုပ်ငန်းရှင် ၁၉ ဦးတို့က ငွေကျပ် နှစ်သိန်း ငါးသောင်း၊ Silver Shine International Co., Ltd. မှ ဦးဖေလှိုင် မိသားစုက ငွေကျပ် နှစ်သိန်း၊ ဒဂုံဆိပ်ကမ်း စက်မှုဇုန်မှ လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်း၊ နေပြည်တော် မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ ဦးစိုးမြင့်နှင့်သားများ သံထည်နှင့် လယ်ယာသုံးပစ္စည်း ထုတ်လုပ်ရေးက ငွေကျပ် တစ်သိန်း ငါးသောင်း၊ စင်ကာ ဆောက်လုပ်ရေးက ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဝဇီရာရုပ်ရှင်နှင့် ပြဇာတ်ထုတ်လုပ်ရေးမှ ဒဂုံဦးတင်ဝင်းမိသားစုက ငွေကျပ် နှစ်သိန်း တစ်သောင်း ရှစ်ထောင်၊ သမ္မတသက်န်းတိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်အရှင်သူမြတ်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိသားစုက ငွေကျပ် နှစ်သိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် တစ်သိန်းကိုးဆယ်၊ ဦးအောင်မွန်–ဒေါ်လှလှမွန် (မြင့်မြတ်စပါး စိုက်ပျိုးရေး)၊ ဦးခင်မောင်ထွန်း(ထက်လင်း ဆေးတိုက်)၊ဦးလှဌေး–ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ ဦးကျော်ညွန့် (ရွှေသရဖူ မိသားစု)၊ K S W မော်တော်ယာဉ် ထုတ်လုပ်ရေး၊USM မော်တော်ယာဉ် ထုတ် လုပ်ရေး၊ ဦးစိန်ဝင်းနှင့် ညီများ ပြည်တွင်း ဆန်စပါးပစ္စည်းလုပ်ငန်း၊ မြမူလီထုတ်လုပ်ရေး၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းမြင့် (သံချောင်း ရောင်းဝယ်ရေး)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်များရှိ တရားရုံး၊ဥပဒေရုံး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၊ ဦးမောင်မောင်–ဒေါ်ခင်ဝင်းဆွေ (Tiger Head Flesh Co., Ltd.)၊ ရွှေကြီးမှန့်တိုက်၊ ရွှေပြည်နန်းသနပ်ခါး၊ဦးမြင့်စိုး (မြန်မာကီတိုဖိနပ်စက်ရုံ)၊ Mectronic လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး၊ ရွှေကျော် စက်မှုလက်မှု၊ Lucky Bag ပလတ်စတစ်စက်ရုံ၊ဦးသိန်းမြင့် စက်မှုလက်မှု၊ တော်ဝင်စက္ကူစက်၊ ဒဂုံမြို့သစ်စက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ လုပ်ငန်းရှင်များ၊ ဒဂုံမြို့သစ် မြို့နယ် အိမ်ရာစီမံကိန်းများမှ လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းစီနှင့် ဦးထွန်းရွှေ (ထွန်းရွှေဝါဆေးတိုက်)၊ ကေသီပန်ဆေးတိုက်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းနှင့် ချမ်းမြေ့စတိုး (မြောက်ဥက္ကလာပ) တို့၏ လှူဒါန်းငွေများ အပါအဝင် အလှူရှင်များကစုစုပေါင်း အလှူငွေကျပ် ၁၆၆၃၃၀၉၀ ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်း၊ ဗိုလ်ချုပ်အောင်သိမ်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်မှူးချုပ်ငွေသိန်းနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်တို့က လက်ခံကြသည်။

ရှင်းလင်းပြောကြားထား

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲ နှင့် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားထားသည်။

ဆက်လက်၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်အုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဝတ်အသင်းအဖွဲ့ဝင်များက အရပ်(၁၀)မျက်နှာ မေတ္တာပို့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၈၄ အိတ်၊ ဆီ ၁၄၈ ပိဿာ၊ပဲ ၂၉၆ ပိဿာ၊အိုင်အိုဒင်းဆား ၁၄၅၉ ပိဿာ၊ သွားတိုက်ဆားဘူး ၂၇၀၊ တိုင်းရင်းဆေးမျိုးစုံ ၅၈၄၂ ဘူးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၁၆၆၃၃၀၉၀ ဖြစ်သည်။

ဗဟန်းမြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃ တိုက်၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို

စာမျက်နှာ ၇ ကော်လံ ၁

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီတို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဉူးကေသရပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၈

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ရွှေမင်းတောရ စာသင်တိုက်၏ ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ဉူးကေသရ သက်တော်(၉၉)နှစ် သိက္ခာတော်(၇၉)ဝါသည် (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) ဩဂုတ် ၈ ရက် နံနက် ၁ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား(၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁၄ရက်) ဩဂုတ် ၁၄ ရက်တွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်သာမြို့နယ်တလိုင်းရပ်ရွာသစ်အထကမြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၈

မန္တလေးတိုင်း တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ်အထက်တန်းကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ စက်မှု(၁)ခမ်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြုပစ္စည်းများ ပေးအပ်ပြီးနောက် ဂါရဝပြု ပူဇော်ကန်တော့ကြသည်။ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမောင်တင်က ဩဝါဒစကားပြောကြားသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကန်တော့ခံ ဆရာကြီးဦးမောင်တင်က ဆရာတော် ဦးအာလောက၏ ထေရုပ္ပတ္တိစာမူကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းထံပေးအပ်သည်။ ထို့နောက် ကျောင်းသူဟောင်း ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က တလိုင်းရပ် ရွာသစ်အထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၂၆၀၀၀၀ ကိုပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်က လက်ခံသည်။ အာလောကပညာသင်ဆု ငွေပဒေသာပင်စိုက်ထူရန်အတွက် ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးတို့က လှူဒါန်းငွေကျပ် ၁၀ သိန်း အပါအဝင် အလှူရှင်များ၏ အလှူငွေစာရင်းကို ကြေညာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရစံပြစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေး ခမ္မာရုံတော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်ငွေလှူ

ယင်းနောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် သုံးသိန်းလေးသောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်းငါးသောင်း၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ၊ သမ္မတသင်္ကန်းတိုက်၊ ဘီတီဘီကုမ္ပဏီနှင့် Gold Uni Jewellery Co., Ltd. တို့က ငွေကျပ် နှစ်သိန်းစီ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် တစ်သိန်းကိုးဆယ်၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ပြည်လုံးချမ်းသာဆေးတိုက်နှင့် မြင့်မြတ်စပါး စိုက်ပျိုးရေးလုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဆန်းမြန်မာကုမ္ပဏီက ငွေကျပ် ခုနစ်သောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ငါးသောင်း၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်နှင့် ချမ်းမြေ့စတိုး (မြောက်ဥက္ကလာပ)တို့က ငွေကျပ် ငါးသောင်းစီ၊ အနောက်ရွှေဂုံတိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် တစ်သောင်းစီနှင့် ဒေါ်တင်တင်ရီ မိသားစုတို့က ငွေကျပ် ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ်(ရေ)တို့က စာသင်တိုက်ကြီးများနှင့် ဘိုးဘွားရိပ်သာတို့ကိုယ်စား လက်ခံကြသည်။

ရည်ရွယ်ချက်

ယင်းနောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆုတောင်းမေတ္တာပို့

ယင်းနောက် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝတ်အသင်းသူများက အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများနှင့် နှင်းဆီကုန်းဘိုးဘွား ရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှုအစုစု တို့မှာ ဆွမ်းဆန်တော် ၈၂၉ အိတ်၊ ဆီ ၃၆၃ ပိဿာ ၉၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၃၆၃၉ ပိဿာ၊ သွားတိုက်ဆားဘူး ၇၂၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၄၆ ဘူး၊ ပဲ ၇၂၇ ပိဿာ ၈၀ ကျပ်သားနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေပေါင်း ကျပ် ၂၂၈၇၀၉၀ ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီတို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လ၊ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့၊ ကမာရွတ်မြို့နယ် သံဃနာယကအဖွဲ့တို့မှ ဆရာတော်သံဃာတော်များ၊ အလယ်တောရစံပြစာသင်တိုက်မှ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အလယ်တောရစံပြစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသထံမှ အတွင်းရေးမှူး(၂) နှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလယ်တောရစံပြစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလယ်တောရစံပြစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အတွင်းရေးမှူး(၂)နှင့် ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဝံသာနုသတင်းလွှာအတွဲ(၁၃)၊အမှတ်(၁၆) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲစပါးလယ်ကွင်းများ၏ အလှပုံရိပ်ကို ဖော်ကျူးထားသော ရွှေရင်အေးတို့ ပျော်တဲ့မြေမျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိ ထားသည်။ **(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် ကမ္ဘာ့အကြီးဆုံး ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်၊ စင်ကာပူ အကျဉ်းထောင်ရောက် မြန်မာအချို့၏ဝန်ခံချက်များ၊ကိုလူမင်း မင်္ဂလာသတင်း ဘယ်သူအစောဆုံး သိသလဲ၊ တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားသုံးဦးနှင့် လိုက်ပါပို့ဆောင်သူနှစ်ဦး တားဆီး၊ စမ်းချောင်း ကျွဲကောသီးဆိုင် နားက တရားမဝင် ဗွီစီဒီအချပ်များ၊ မှောင်ခိုနွားများ တင်လာသော ရေယာဉ် မင်းပြားမြို့နယ်မှ ဖမ်းဆီးမိ စသောပြည်တွင်းသတင်းများနှင့် တိုနီဘလဲနှင့် အားပေးကြင်နာသူ လေဘာပါတီအမတ်များ၊ ပြောတော့လည်း ဘုရှ်ပါပဲ၊ ဆင်းရဲသားတွေရဲ့ဘဝကို စာနာသနားတယ်ဆိုသော ဗစ်တိုးရီးယားရဲ့ လီမာမြို့ခရီးစဉ်၊ မွေးရာပါအမြီးပေါက်လာသော ကလေးငယ်၊ ဖိလစ်ပိုင်အမျိုးသမီး ရဲကွန်မန်ဒို၊ အင်္ဂလန်အလှမယ် ရွေးချယ်ပွဲမှ အလှသရဖူဆောင်းသူက ဝမ်းသာလွန်းလို့ အပါအဝင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊စီးပွားရေး၊လူမှုရေးသတင်းရသများကို ပြည့်ပြည့်ဝဝ ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်၄၁၊ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်ကြီး တည်ထားနေမှု၊ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အဆိုပါ အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ဆရာတော် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ ပဓာန မဟာနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ မဟာထေရ် အမှူးပြုတော်မူသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ ဆရာတော်သံဃာတော်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြ၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ဆရာတော် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ မဟာထေရ်ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား –

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီး၏ (၅၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော ရွှေကျင်နိကာယဥပဥက္ကဋ္ဌတွဲဖက် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကြခတ်ဝိုင်းဆရာတော်ကြီးအမှူးပြု သော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်းဆိုင်ရာ ရတ္တညုမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုခွင့် ရရှိသည့်အတွက် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးခွင့်ရရှိပါကြောင်း ဝမ်းမြောက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

စိတ်အားထက်သန်

ယနေ့ ကျင်းပပြုလုပ်သည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သာသနကုံရစာအောင်ဆုနှင့် ခမဲပြင် နိဗ္ဗာန်လမ်း ကျောက်ခင်းရန် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားလည်း ပါဝင်ကြောင်း သိရှိရပါသည်ဘုရား။ ဆရာတော်ကြီးသည် ဘာသာရေး၊ သာသနာရေးလုပ်ငန်းကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကို အားရတင်းတိမ်တော်မမူသေးဘဲ ပြည်သူအကျိုးပြု၊ တိုင်းပြု ပြည်ပြု လူမှုအကျိုးပြုလုပ်ငန်းများကို သက်တော် ရှယ်တော်နှင့်မျှ စိတ်အားထက်သန်စွာ ဆောင်ရွက်တော်မူနေသည်ကို တွေ့ရှိကြည်ညိုရပါသည်ဘုရား။

ဆရာတော်ကြီး၏ မွေးဖွားရာ ဇာတိဖြစ်သော နိဗ္ဗာန်ကျေးရွာတွင် ဆရာတော်ကိုယ်တိုင် ဦးစီး၍ ဆဒ္ဒန်ရတနာတံတားကြီး၊ သီရိဇေယျာ တံတားငယ်၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးတို့ကို တည်ဆောက်ပြီးစီးခဲ့သဖြင့် ၂၀၀၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် တံတားဖွင့်ပွဲ၊ လမ်းဖွင့်ပွဲ၊ ဥယျာဉ်တော်ကြီးဖွင့်ပွဲ အခမ်းအနားများသို့ တပည့်တော်ကိုယ်တိုင် တက်ရောက်ဆောင်ရွက်ပေးခဲ့ပါသည်ဘုရား။

ယခုတစ်ဖန် ခမဲပြင်ဒေဝတာ စံနန်းမှ သနပ်ပင်၊ ခရမ်း၊ သုံးခွလမ်းသို့ ဆက်သွယ်ပေးမည့် လေးမိုင်ငါးဖာလုံ ရှည်လျားသော ပြည်လုံးချမ်းသာလမ်းမကြီးကို မြေသားလမ်းမှ ကျောက်ခင်းလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာကျောက်ကျင်းပေါင်း ၄၅၀ကျော်နှင့်ငွေကျပ်၇၆သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသဖြင့် အလွန်ဝမ်းမြောက်၍ မဆုံး၊ ကြည်နူး၍မဆုံး၊ ချီးကျူးဂုဏ်ပြု၍မဆုံး ဖြစ်ကြရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ဒါယကာ ဒါယိကာမအပေါင်းတို့သည် တက်တက်ကြွကြွ ဝမ်းမြောက်ဝမ်းသာ ဆက်လက်၍ ကုသိုလ်ပါဝင် လှူဒါန်းနေကြသည်ကိုလည်း တွေ့ရှိရသဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုရပါသည်ဘုရား။

ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ်သော နိဗ္ဗာန်ကျေးရွာသည် ဘိုးတော်ဘုရားလက်ထက်တော်က ဆင်ဖြူတော်ပေါ်ထွန်းခဲ့သဖြင့် ဆင်ဖြူတော်၏ ဘွဲ့နာမည်ကို နိဗ္ဗာန်ရွာအမည်ထည့်သွင်းပြီး၍ “နိဗ္ဗာန ပစ္စယ နာဂရာဇာ”ဟူ၍ ဘွဲ့အမည်ပေးခဲ့ကြောင်း သိရှိရပါသည်ဘုရား။

ဆင်ဖြူတော်

ယခုတိုင်အောင်ပင် အဆိုပါ ဆင်ဖြူတော်ကြီး ရေချိုးခဲ့သည့် ဆင်ဖြူကန်နှင့် ဆင်ဖြူတော်ကို ရတနာဖောင်တော်သို့ တင်ဆောင်သည့် ဆင်ဖြူတော်ဆိပ်ကမ်းနှင့် ဆင်ဖြူဘုရား စသည့်သမိုင်းဝင် အထိမ်းအမှတ်များကိုလည်း နိဗ္ဗာန်ရွာ၌ လေ့လာတွေ့ရှိနိုင်ပါသေးသည်ဘုရား။

ဆရာတော်ကြီးသည် သက်တော် (၈၄)နှစ်အရွယ်တော်သို့ ရောက်ရှိနေသော်လည်း သာသနာ့တာဝန်၊ တိုင်းကျိုးပြည်ပြုတာဝန်များကို ဆောင်ရွက်တော်မူရာ၌ လုံ့ဝအားလျှော့ခြင်း မပြုဘဲ တောသုံးတောင်ကို အစိုးရသော ခြင်္သေ့မင်းကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူနေသည်ကို ဖူးတွေ့ကြည်ညိုရပါသည် ဘုရား။

တပည့်သံဃာတော် တစ်ထောင်ကျော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့ပေးခြင်း၊ ပစ္စယာနုဂ္ဂဟ၊ စာပေပရိယတ္တိသင်ကြားပို့ချခြင်း၊ ဓမ္မာနုဂ္ဂဟ၊ နိုင်နင်းစွာကြီးကြပ်ကွပ်ကဲ အုပ်ချုပ်တော်မူခြင်း၊ ဝိနယာနုဂ္ဂဟ၊ လူမှုအကျိုးပြုနှင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများဆောင်ရွက်တော်မူခြင်း၊ လောကဟိတာနုဂ္ဂဟတာဝန်များကို အရွယ်တော်နှင့်မလိုက် သယ်ပိုးဆောင်ရွက်နေတော်မူနိုင်သော ဆရာတော်ကြီး၏ ဒါနပါရမီ၊ ဝီရိယပါရမီ၊ ပညာပါရမီ၊ အဓိဋ္ဌာန်ပါရမီစသော ပါရမီတော်များကို ဆင်ခြင်အောက်မေ့လျက် အံ့ချီး၍ မကုန်ဖြစ်ရပါကြောင်း၊ ဤကဲ့သို့ ထူးကဲမွန်မြတ်သော သာသနာ့တာဝန်နှင့် တိုင်းကျိုး ပြည်ပြုတာဝန်များကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် အလို့ငှာ ဆရာတော်ကြီးအား အသက်ရာကျော်မက ရှည်ပါစေကြောင်း ဆုတောင်း ပတ္ထနာပြုရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရားဟူ၍ လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလမဟာထေရ်အား ပရိက္ခာရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ သာသနကုံရ ပရိယတ္တိစာမေးပွဲအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော် ၃၂၇ပါးတို့အတွက် အောင်လက်မှတ်နှင့် စာအောင်ဆုများကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဇ ဒေါ်ဆယ်က ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ပဓာန မဟာနာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်လုံးချမ်းသာလမ်းမကြီး ကျောက်ခင်းရန် အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကိုကျင်းပရာ ရန်ကုန်မြို့မှ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး မိသားစုက ငွေကျပ် ၁၈ သိန်း၊ ပုဂံဟိုတယ်ပိုင်ရှင် ဒေါ်အေးမြနွယ်က ငွေကျပ် ၁၅ သိန်း၊ ဦးကြင်ဝမ်–ဒေါ်လှသိန်း (ဂျိုးသိန်းမိသားစု)နှင့် ရန်ကုန်မြို့မှ ဦးမင်းဟန်–ဒေါ်အေးအေး၊ သားကိုလှမင်း မိသားစုတို့က ငွေကျပ် ၁၀သိန်းစီ၊ ရန်ကုန်မြို့မှ ဦးမင်းကို ဒေါ်စိုးစိုးဟန်တို့က ငွေကျပ် ၅၀၄၀၀၀၊ ပဲခူးမြို့မှ ဦးမြင့်စိန်၊ ဒေါ်လှကြည် (သီရိသုဓမ္မသင်္ဂဇ)၊ ရန်ကုန်မြို့မှ ဦးရဲမြင့်၊ ဦးအောင်ကောင်း(ရဲနဒီမော်တော် ကုမ္ပဏီလီမိတက်)နှင့် မယမင်းဝင်းသန့်တို့က ငွေကျပ် ငါးသိန်းစီ၊ နိဗ္ဗာန်ရွာမှ သန်းကြွယ်ကဖိုးမိသားစုက ငွေကျပ်လေးသိန်း၊ ပဲခူးမြို့မှ ဦးမျိုးမြင့်–ဒေါ်ခင်ဌေးဝင်း မိသားစုက ငွေကျပ် ၃၆၀၀၀၀၊ ရန်ကုန်မြို့မှ ဦးအေးကို–ဒေါ်နုနုခင်နှင့် သားသမီးများနှင့် ကွယ်လွန်သူ ဦးစိန်တီအားရည်စူး၍ ဒေါ်ကျင်စိုးမိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ပဲခူးမြို့မှ ဦးဆိုင်–ဒေါ်ဒေါင်းမိသားစုက ငွေကျပ် ၂၇၀၀၀၀၊ ပဲခူးမြို့မှ မိဘနှစ်ပါးအားရည်စူး၍ သမီး ချိုချိုလွင်၊ သား မောင်ဝင်းလွင်တို့က ငွေကျပ် ၂၆၀၀၀၀၊ ရန်ကုန်မြို့မှ ဦးသက်ထွန်းဌေး၊ ဒေါ်ခင်သန့်ဇင်၊ ဦးနေဝင်းထွန်း–ဒေါ်အေးအေးမြင့်၊ ဦးကျော်အောင်–ဒေါ်မူမူနှင့် ဦးဝင်းဆွေ–ဒေါက်တာ မြတ်သီတာမြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ ရန်ကုန်မြို့မှ ဦးပါ–ဒေါ်တင်ကြည်တို့အားရည်စူး၍ ဒေါ်သန်းသန်းက ငွေကျပ် ၁၈၀၀၀၀၊ ဦးအောင်ကျော်–ဒေါ်စိန် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးပါ–ဒေါ်တင်ကြည်အားရည်စူး၍ ဦးစိုးထွန်း၊ ဒေါ်အေးမာလာတို့က ငွေကျပ် ၁၈၀၀၀၀၊ ပဲခူးမြို့မှ ဦးလှမြင့်–ဒေါ်တင်ရီမိသားစုက ငွေကျပ် ၁၂၆၀၀၀ နှင့် ရန်ကုန်မြို့မှ ဦးကျော်ဇင်အား ရည်စူး၍ ဒေါ်ရင်မင်း သားသမီးမြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက လက်ခံယူကြပြီး ဂုဏ်ပြု အနုမောဒနာလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလမဟာထေရ်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကြ၍ ရုပ်သိမ်းလိုက်သည်။

မြန်မာ့ရုပ်မြင်သံကြား

၉-၈-၂၀၀၄
(တနင်္လာနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၅ ၇။ ဆွာချောင်းရေလျှောင်တမံ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇း၁၅ ၆။ အကပဒေသာ
- ၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇း၄၀ ၈။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၇း၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၈း၀၀ ၁၀။ တေးသရုပ်ဖော်အစီအစဉ်
- ၁၈း၁၀ ၁၁။ Discovery
- ၁၈း၂၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”** (အပိုင်း–၁၃)
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၉း၁၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉း၂၅ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၁၉း၄၀ ၁၈။ သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ(ကျွဲကော)
- ၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”** (အပိုင်း–၁၁)
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်ကြီး တည်ထားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည်နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်ကြီး ယာယီဖူးမြော်ဆောင်၌ ဗုဒ္ဓရုပ်ပွားတော်အား ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီလှငယ်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် မြန်မာမှုပညာရှင် ဦးအေးတို့က အမြင့်ပေ ၅ပေရှိ သလွန်တော်ပေါ်၌ အလျား ၂၄၃ပေ၊ အမြင့် ၆၃ပေရှိ နောင်တော်ကြီး မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားမှုအခြေအနေ၊ အမာခံတည်ဆောက်မှုလုပ်ငန်းများ ၇၅ရာခိုင်နှုန်းနှင့် မြန်မာမှုလုပ်ငန်းများ ၈၅ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေ၊ ပြတိုက်၊ ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ မုခ်ဦးတော်တို့တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်တော်ကြီး မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာရှိ ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကမ္ဘောဇသာဒီ ရွှေနန်းတော်နေရာ၌ တူးဖော်တွေ့ရှိသော အေဒီ–၁၆ရာစုနှစ်က နန်းတော်ဘုံပြာသာဒ်ပုံသဏ္ဌာန်များပါရှိသည့် ကျွန်းပြားကြီးကိုပြသ၍ ကမ္ဘောဇသာဒီနန်းတော်ရာ၌ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရန်ကုန်–ပဲခူးပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ထားကိုးကွယ်နေသည့် တမ္ဗလောဟမဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီး တည်ထားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆောင်သို့ သွားရောက်၍ ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တမ္ဗလောဟမဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီးတည်ထားမှုလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် (ဗိသုကာ) ဦးသန့်ဇင်၊ ဒုတိယအင်ဂျင်နီယာချုပ်(စီမံကိန်း)ဦးညွန့်မောင်ဆန်းနှင့် မြန်မာမှုပညာရှင်ဦးရဲကျော်တို့က ဂန္ဓကုဋိတန်ဆောင်းတော်ကြီးနှင့်မုခ်ဦးတည်ဆောက်ရန် စီစဉ်ထားရှိမှု၊ ဂန္ဓကုဋိတန်ဆောင်းတော်ကြီးတည် ဆောက်နေမှု အခြေအနေများကို ပုံစံများဖြင့် ရှင်းလင်းပြသတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာမှုလုပ်ငန်းများကို ဟံသာဝတီခေတ် မြန်မာမှုအနုအလှများဖြင့် ခံ့ညားစွာ တည်ဆောက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း စီမံပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တမ္ဗလောဟမဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီးနှင့် ဂန္ဓကုဋိတန်ဆောင်းတော်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဝါဆိုပန်းကပ်လှူခြင်း၊ သာသနကုံရစာအောင်ဆုနှင့် အောင်လက်မှတ်ကပ်လှူခြင်းနှင့်ပြည်လုံးချမ်းသာ ကျောက်လမ်းမကြီး အလှူငွေ စုပေါင်းရေစက်ချအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလ မဟာထေရ်အား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ ခုနှစ် ဩဂုတ် ၉ ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာ ယုဂျိ၊ မိယမိုတို၏နေရာတွင် မစ္စတာ နိုဘုတာကဲ့၊ အိုဒါနိအား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအိုဒါနိသည် ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၆၉ ခုနှစ်တွင် အဆင့်မြင့် သံတမန်ဆိုင်ရာ စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၇၀ပြည့်နှစ်တွင် ကဲအိုးတက္ကသိုလ်မှ ဘောဂဗေဒ ဘာသာရပ် အဓိကဖြင့်ဘွဲ့ရရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။

ထိုအချိန်မှစ၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံများရှိ ဂျပန်သံရုံးများနှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဂျပန်ကောင်စစ်ဝန်ချုပ်ရုံး၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မစ္စတာအိုဒါနိသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနိုဘုတာကဲ့၊ အိုဒါနိသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆောင်တွင် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓအား ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်တွင်မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၈

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးခဲ့ပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေကြောင်းသိရသည်။

ဩဂုတ် ၉ ရက်ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခိုက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မင်္ဂလာဗျူဟာသွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်(၇၂)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဩဂုတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် ဩဂုတ် ၂၁ ရက် (စနေနေ့)မှ စ၍ အသင်းချုပ်ရုံးသို့ လာရောက်၍ ကြိုတင်စာရင်းပေးရန်နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားသို့စက်ပစ္စည်းနှင့်အလှူငွေများပေးအပ် ပရီမီယာလိဂ်တိုက်ရိုက်ထုတ်လွှင့်မှုမိတ်ဆက်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၈

Yangon Entertainment Co., Ltd. မှ မြဝတီရုပ်မြင်သံကြား သို့ စက်ပစ္စည်းနှင့် အလှူငွေပေးအပ်ခြင်းနှင့် English Premier League ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ တိုက်ရိုက်ထုတ်လွှင့်မှု မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ၆နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom ၌ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ Yangon Entertainment Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ Yangon Entertainment Co.,Ltd.မှ အထွေထွေမန်နေဂျာ ဦးသက်ချိုဦးကနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် အားကစားကလောင်ရှင် ဦးခင်မောင်ထွေးက English Premier League ပြိုင်ပွဲများ ၏ သမိုင်းကြောင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး City Football အစီအစဉ်မှ ဦးကြည်သာ (ပွဲကြိုက်ခင်)က English Premier League ပြိုင်ပွဲများအား မြန်မာပရိသတ်များ နှစ်သက်အားပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် Yangon Entertainment Co.,Ltd. မှအုပ်ချုပ်မှု ဒါရိုက်တာ ဦးလှဝင်းက မြဝတီရုပ်မြင်သံကြားအတွက် Audio Visual Mixer စက်နှင့်အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် တပ်မှူး ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် တပ်မှူး ဒုတိယဗိုလ်မှူးကြီးချစ်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းထောက်များ၊အားကစားကလောင်ရှင်များ၊ ဧည့်သည်တော်များကသိလို၍ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် Yangon Entertainment Co.Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းကိုယ်စား ဦးတင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ်အမှတ်(၄၆၂)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၈

နိုင်ငံတကာသတင်းဂျာနယ်အမှတ် (၄၆၂)ကို ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

"မိဒီယာခေတ်မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျားထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် နေတိုး၏ဇာတိရုပ်၊ ကနေဒါနိုင်ငံအကြောင်းသိကောင်းစရာ၊ ဟီရိုရှီးမားနှစ်ပတ်လည်နေ့၊ တရားမဝင်သစ်ခုတ်လုပ်မှုကြီးလေးစွာပြစ်ဒဏ်ချမည့် အင်ဒိုနီးရှား၊ အမေရိကန်ရွေးကောက်ပွဲနှင့် အဝေးရောက်နိုင်ငံသားများ၊ ဗုဒ္ဓဟူးဂြိုဟ်လေ့လာရေးခရီး၊အေသင်အိုလံပစ်လုံခြုံရေးစရိတ်စက၊ အာဖဂန်နစ္စတန် ဘိန်းထုတ်လုပ်မှု၊ ဆော်ဒီအာရေဗျ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အဆိပ်သင့်နေသောလေလှိုင်းများ၊ အင်အားခွဲခြားမှုရှိသော ကမ္ဘာ့စနစ်လက်နက်ဖျက်သိမ်းရေးနှင့် အာဖဂန်ငြိမ်းချမ်းရေး၊ နိုင်ငံတကာဟာသ၊ ကျိုင်းကောင် ဘေးအန္တရာယ်၊ အမေရိကန်မြို့ကြီးများ လုံခြုံရေးတိုးမြှင့်၊ ဒါဖာပဋိပက္ခ ကုလသမဂ္ဂဆုံးဖြတ်ချက်၊ အီရတ်နောက်ဆုံးအခြေအနေ၊ ပါရာဂွေးဈေးကြီး မီးသင့်လောင်ကျွမ်းမှု၊ အကြမ်းဖက်မှုရတက်မအေးသည့် ဥရောပစသည့် သတင်းများနှင့် သတင်းဆောင်းပါးများ ဝေဝေဆာဆာ ဖော်ပြထားသည်။

(မြန်မာ့အလင်း)

အနေ မဝေးကြသူများ

မောင်ဆုရှင်

လွန်ခဲ့သော ဆယ်နှစ်က မျက်နှာများကို ပြန်ဆုံတွေ့ရသည်။ စကားလက်ဆုံ မပြောဖြစ်ခဲ့ကြသော်လည်း စိတ်ထဲတွင် ရင်းနှီးပြီးသားဖြစ်၏။ သို့သော် အချို့မှာ ညိုသွား၏။ အချို့မှာ အိုသွား၏။ ထိုစဉ်က မကြာခဏဆိုသလို နေ့စဉ်တွေ့ခဲ့ရသူတို့ထဲမှ ကိုယ့်ပတ်ဝန်းကျင်၊ သူ့ပတ်ဝန်းကျင်တွင် လောကကို စွန့်ခွာသွားခဲ့ရသူတို့လည်း မရှား။ ခွဲခွာရသူတို့ကို သတိရခြင်းသည် သူတို့အားထုတ်လက်စ လက်ငုတ်ကို ဆက်လုပ်ခြင်းဖြင့် မိမိနိုင်ငံအတွက် လူမှုတာဝန်ကျေပွန်၍ ဟာသွားသောစိတ်ကို ဖြေဖျောက်နိုင်စရာ အကြောင်းဟု ဆိုရမည်။

သို့ဖြင့် မော်ဘီမြို့နယ်အတွင်းရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ခဲ့သည်။ ကျိုက္ကဆံကွင်းမှာတုန်းကလို ခြေချဖူးသော မြေမဟုတ်၊ ယခုမှ ခြေချမိ၍ ဝန်းကျင်အခင်းအကျင်းကို မျှော်ကြည့်ရသည်။ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမ မုခ်ဦးဆောင်မှ အရပ်လေးမျက်နှာသို့ ကြည့်သောအခါ မှတ်သားရန် မြေပြင်အခင်းအကျင်းဟူ၍ မမြင်သာ။ ညောင်နှစ်ပင်၏ မိုးကုတ်စက်ဝိုင်းတွင် ခင်တန်း၊ တောအုပ်၊ စိုက်ခင်းတို့မှလွဲ၍ မြေပြင်အမှတ်အသားမရှိ။ သို့သော် အမြင်မှား၊ အမှတ်မှားစရာမရှိ။ မုခ်ဦးဆောင်ထိပ်၌ တလူလူလွင့်နေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံက တို့ပြည်၊ တို့နိုင်ငံပေတကားဟု အသိပေးလျက် ရှိနေသည်။

မကြာမီ လေ့ကားထစ်များကိုနင်း၍ ခြေလှမ်းချင်းပြိုင်လျက် တက်လာကြသော သူတို့ကိုမြင်ရသည်။ အမျိုးသားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ တူညီဝတ်စုံ၊ လုပ်ငန်းဝတ်စုံတို့ဖြင့် တစ်သုတ်ပြီးတစ်သုတ် ရင်ပေါင်တန်းလျက်၊ ရှေ့နောက်စီလျက် တဖွဲဖွဲလာနေကြသည်။ ထိုအသုတ်များထဲ၌ ရောင်စုံဝင့်လျက်၊ ပဝါလေမှာလွင့်လျက်၊ ဦးရစ်ခေါင်းစီးကို အကြော့အမော့ပတ်ရစ်လျက် တည်ငြိမ်သော တင့်တယ်ခြင်းဖြင့် ဟိုတစ်စု၊ သည်တစ်စု အုပ်စီးမပျက် ပါလာသူတို့ကား တိုင်းရင်းသူ အမျိုးသမီးများဖြစ်ကြသည်။ သူတို့ကိုကြည့်လျှင် ကိုယ့်နိုင်ငံ၊ ဘယ်ရေမြေ၊ ဘယ်လွင်ပြင်၊ ဘယ်ကုန်းမြင့်၊ ဘယ်တောင်တန်းဒေသမှ ရောက်ရှိလာကြသည်ကို ရင်းနှီးကျွမ်းဝင်နေပြီးသော မျက်စိက ရိပ်စားမိနိုင်လောက်သည်။

ဝင်လာသော အုပ်စုတို့ထဲမှ တစ်ဦး၊ နှစ်ဦး၊ သုံးဦးတို့ကို မုခ်ဦးဆောင်လှေကားထိပ်တွင် ရုံးစုနေကြသည့် လူစုထဲမှ တစ်ဦး၊ နှစ်ဦး၊ သုံးဦးတို့က လှမ်း၍ နှုတ်ဆက်သည်။ လက်ဖှေ့ယမ်း၍ ခွန်းတုံ့ပြန်သည်။ သူတို့ထဲမှ တစ်ဦးနှင့်တစ်ဦး ဖက်လှဲတကင်း လက်ကိုဆွဲကာ စကားဆိုနေကြသူတို့ကိုလည်း တွေ့နိုင်သည်။ သူတို့ချင်း ဘာကိုဆို၍ ဘယ်လိုအကြောင်းဖြင့် ဆုံတွေ့ပြောကြားနေသည်ကို မသိနိုင်။ သို့သော် မာကြောင်း၊ သာကြောင်း၊ ပြန်ပြောင်း၍ ရင်းနှီးမှုဖြင့် မေးထူးခေါ်ပြော ပြုလုပ်နေကြမည်မှာ သေချာသည်။

ခဏကြာလျှင် သူတို့တက်ရောက်ကြောင်း မှတ်တမ်းပြုသည့်ကိုယ်စားလှယ်လက်မှတ်ပုံစံများ ကိုယ့်အစုနှင့်ကိုယ် ဖြည့်ပြီးကြပြီ။ ခန်းမတွင်းစင်္ကြံ၌ စကားဆက်သူဆက်၊ ခန်းပြင်ထွက်သူထွက်၊ နေရာယူသူယူဖြင့် ရှိရာမှ အနီရောင်စင်မြင့်ကြီးထက်မှ အချက်ပေးခေါင်းလောင်းနှင့်အတူ တေးသံမြူးကြွလည်း ရပ်နားလျက် အလုပ်သဘော စလေသည်။ အစီအစဉ်များ တစ်ခုပြီးတစ်ခုကို နားစိုက်လျက်က လက်ခုပ်သံများက ရုံဖန်ရံခါ ခန်းမနံရံတို့ကို ပဲ့တင်ထပ်သွားသည်။

ဤကား ညောင်နှစ်ပင်ခန်းမ၌ လုပ်ငန်းသဘော အစီအစဉ်များ ပြုလုပ်စဉ် တွေ့ရသော မြင်ကွင်းဖြစ်သည်။ ဦးရေအားဖြင့် တိုင်းရင်းသား တစ်ထောင်ကျော်နှင့် ထိုအရေအတွက်မျှမကသော ပံ့ပိုးသူ ရုံးအဖွဲ့၊ အကူအဖွဲ့တို့ ပျားပန်းခတ်နေသောအကြား၌ ကိုယ့်အသိ၊ သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေဟောင်းတို့ကို တွေ့ချင်တိုင်း တွေ့နိုင်ခြေမရှိ။ အားလပ်ချိန်များမှသာ ပက်ပင်းတွေ့ရတတ်သည်လည်း ရှိသည်။

ထိုအားလပ်ချိန်မျိုးတွင် တစ်ဦးကလာ၍ လက်တို့သည်။ ‘ကျွန်တော်က မကွေးတိုင်းကလေ.... ’ဟု သူ့ကလောင်နာမည်ကို ပြောသည်။ တစ်ဦးက ‘ဆရာတို့ ကချင်ပြည်နယ်ကို လာတုန်းကလေ....’ဟု နောက်ကြောင်းဖော်သည်။ ‘ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို စာပေဟောပြောပွဲအတွက် တစ်ခေါက်လာဦးလေဗျာ’ဟု ပခုံးပုတ်၍ ရင်းနှီးစွာ ဖိတ်သူက ဖိတ်သည်။

ထိုအချိန်၌ ငယ်ပေါင်းကဗျာဆရာ ခွဲစိတ်ကုသမားတော်ကြီးနှင့် ပြန်ဆုံရသည်။ မိတ်ဆွေ ဂီတဆရာကြီးနှင့် နေ့စဉ်ခန်းမထဲ၌ ကြားရသော ကုမုဒြာကြာပန်းအကြောင်းကို စကားစပ်မိသည်။ ကဗျာဆရာ တေးပြုသူနှင့် သူ့သီချင်းစာသားအကြောင်း ပြောရသည်။ မမျှော်လင့်ဘဲနှင့် အထက်အညာ ရွှေမန်းဆီမှ မြန်မာ့ယဉ်ကျေးမှု သုတေသီတစ်ဦးကို မာကြောင်းသာကြောင်း မေးရသည်။ ရုပ်ရှင်ပညာသည်ကြီးတို့နှင့် ဆုံမိုက်ကြုံခိုက် မတွေ့တာကြာကြပုံကို လောကဝတ်ပြုရသည်။ ဤသို့လျှင် တစ်ပတ်ကျော်ခန့် ကြာသောအခါ ခန်းမထဲတွင် မျက်နှာစိမ်းများပင် မျက်နှာကျက်များ ဖြစ်သွားကြလေသည်။

တစ်ခုသော အားလပ်ချိန်တွင် အငြိမ်းစားအရာရှိကြီးတစ်ဦးက ‘ခင်ဗျားကို ရေဒီယိုထဲမှာ အသံပဲကြားနေရတယ်ဗျာ’ဟု ဖက်လှဲတကင်း နှုတ်ဆက်သည်။ ကိုယ့်ဇာတိမြို့မှ ကိုယ်စားလှယ်ကြီးကို ၁၉၉၃ခုနှစ်ကလည်း တစ်ကြိမ်ဆုံခဲ့ကြ၍ ယခုပြန်ဆုံသောအခါ ‘ခင်ဗျား မြို့ပြန်ရောက်ရင် မှတ်မိစရာတောင်မရှိဘူး၊ လမ်းသာသွားပြီဗျို့ လာခဲ့ဦး’ဟုဆိုကာ ငယ်ပေါင်းမိတ်ဆွေများအကြောင်းကို စကားစပ်ရသည်။

ဆိုင်ကနားများဘက်သို့ ရောက်ပြန်၏။ ဝင်းသူဇာဆိုင်မှအထွက် မျက်နှာသိတို့က ပြုံးပြသွားကြသည်။ ကိုယ်က ခေါင်းညိတ်ရို့ကျိုး၍ တုံ့ပြန်ခြင်းကပင်လျှင် သူတို့ကို ကိုယ့်ထက်အရွယ်ငယ်သော်လည်း လေးစားပါကြောင်း အမူအရာနှင့် နှုတ်ဆက်လိုက်ရသည်။ ဆံပင်ညှပ်ဆိုင်တွင် မျက်မှန်မေ့ကျန်ရစ်သောအခါ လက်ဖက်ရည်ဆိုင်ဘေးမှ ကိုယ့်နာမည်ကို အော်ခေါ်၍ ကိုယ့်ပစ္စည်းပြန်လာပေးအပ်သည်။

အားလပ်သောတစ်ချိန်၌ စီးပွားရေးစွန့်ဦးတီထွင်သူ ဒေါက်တာကြီးတစ်ဦးနှင့်လည်း စကားလက်ဆုံကြဖြစ်သည်။

နေ့လယ်စာ ထမင်းဝိုင်းတွင် အတူစားသောက်ရင်း မနုဿဆရာကြီးက ‘တချို့ တိုင်းရင်းသားများရဲ့ အမည် အခေါ်အဝေါ်တွေထဲမှာ လူပါပဲလို့ မိမိကိုယ်ကို ဂုဏ်ယူပြီးဆိုတဲ့ အဓိပ္ပာယ်ကို ဆိုလိုတယ်ဗျာ’ဟု သူကျွမ်းကျင်ရာနယ်ပယ်မှ ရှုထောင့်တစ်ကွက်ကို လှစ်ဟပြောသည်။ ဤတွင် ကိုယ့်ပြည်အနှံ့လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရသော တူညီဝတ်စုံဝတ် အရာရှိကြီး တစ်ဦးက ဝင်၍ ဆရာမနုဿ၏စကားကို ထောက်ခံ ဖြည့်စွက်သည်။ လူသားဟူသော အားမာန်ကို ဖော်ပြလိုသည့် စိတ်ထားရှိခြင်း ကိစ္စကို စိတ်ထဲတွင် ကျေနပ်နေမိ၏။

ဤသို့ဖြင့် ကိုယ်နှင့်အနေ မဝေးကြသူတို့နှင့် ဆုံစည်းခဲ့ရသည်။ ကိုယ်သိကျွမ်းသမျှ၊ ကိုယ့်ကို သိကျွမ်းသမျှ အားလုံးသောသူများနှင့် မျက်နှာချင်းဆိုင်ပင် မဆုံလိုက်ရသူတွေလည်း ရှိသည်။ အစည်းအဝေး ကျင်းပနေစဉ် ခန်းမရှေ့၌ ရုပ်မြင်သံကြား ဖန်သားပြင်ကြီးတွင် ပေါ်လာသောပရိသတ်တစ်စိတ်တစ်ပိုင်းထဲ၌ အမှတ်မထင်မြင်လိုက်ရသည့် စူးစိုက်နေသည့်မျက်နှာတချို့ကို တွေ့ရမှ ‘ဩော်၊ သူလည်းပါသကိုး’ ‘သူနဲ့ မဆုံဖြစ်တာလည်းကြာပြီ’ ‘ဆက်သွယ်ပြီး ပြောစရာလုပ်ငန်းတွေ သူနဲ့ရှိသေးတာ’ ဟူ၍ အတွေးပေါ်ရသည်။ လာချင်ရင် အနီးကလေး၊ ခရီးမဝေးကြကြောင်း စာဆိုရှိနေခဲ့သည် မဟုတ်ပါလား။

ညီလာခံရပ်နားလိုက်သည့်နေ့လယ်က ကျိုင်းတုံဇာတိ လုပ်ငန်းတူ မိတ်ဆွေ အမျိုးသမီးအား ‘မြို့ထဲကို ကားကြုံပြန်လိုက်မှာလား’ဟု မေးသောအခါ ‘လိုက်မလို့ဘဲ၊ ဒါပေမယ့် သူက ခေါ်ထားလို့’ဟု ကျိုင်းတုံမှ ရောက်လာသော သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အမျိုးသမီးကြီးဆီသို့ မေးထိုးပြသည်။ ‘ဩော်– ခွဲကြရတော့မှာကိုး...’ဟု ပြုံး၍ပြောရာ ‘ဘယ်ကခွဲရမှာလဲ၊ နောင်မကြာခင် ပြန်ဆုံရဦးမှာလေ’ဟု ကာယကံရှင်က အားတက်သရောပြောသည်။ ဟုတ်ပေသားပဲ။

သူတို့သည် ပွင့်လင်းရာသီ၌ ပြန်၍ဆုံကြဖို့ရှိသည်။ ရာသီပွင့်လင်းခြင်းနှင့်အတူ စိတ်အနေပွင့်လင်းခြင်းတို့ကို ဤတစ်ကြိမ်ကဲ့သို့ပင် တစ်ပါတည်းဆောင်ကြဉ်းလာကြဖို့ ရှိသည်။ ထိုအခါမျိုး၌ ‘အနေမဝေးကြဘူး’ဟူသော သွေးသားထဲမှအတွေးများ ယခုကဲ့သို့ပင် ကိုယ်စီပါကြလိမ့်မည်သာ။ လူအနေမဝေးခြင်းသည် စိတ်အနေမဝေးခြင်းကို ဖန်တီးမြဲဖြစ်သည်။ စိတ်အနေမဝေးခြင်းသည် လူအနေမဝေးခြင်းကို ဖန်တီးပေးတတ်မြဲဖြစ်သည်။ အကြောင်းခံချင်း သဟဇာတဖြစ်သောကြောင့် ဖြစ်သည်။ သဟဇာတဟူသည်ကို စကားအလှဖြင့်သာ ဆိုခြင်းမဟုတ်နိုင်။ မြောက်ဖျားမှစီးသော မြစ်မကြီးငယ်တို့သည် တောင်စွန်း၌ တသွင်သွင်စီးဝင်သကဲ့သို့ အရှေ့နှင့်အနောက် သွယ်ဖြာသော တောင်တန်းကြီးများက ကာရံပေးသကဲ့သို့ မေတ္တာခြုံလျက် လုံရသော တိုင်းရင်းသားတို့ပါတကား။

ယခု သူတို့နေရပ်သို့ ပြန်ကြလေပြီ။ ဦးဆောင်ကျင်းပသော တာဝန်ခံတို့က ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်မိသားစုနှင့်ခွာ၍ ယခုလို အမျိုးသားညီလာခံကြီး၌ အောင်မြင်ချောမောအောင် ‘မိမိတို့၏ဆန္ဒနှင့် ဘဝကို သဟဇာတဖြစ်အောင် သုံးသပ်ကြပြီး’ စုပေါင်းဆုံစည်း၍ ညှိနှိုင်းကြသူတို့အား ကျေးဇူးတင်ပါကြောင်း၊ ဌာနေပြန်ခရီးတွင် ဘေးမသီရန်မခ ချောမောသော ခရီးဖြစ်စေလိုပါကြောင်း၊ နောက်တစ်ကြိမ် ပြန်၍ဆုံကြလျှင် ယခု အဆင်ပြေခြင်းထက် နေသားတကျဖြစ်စေသော အစီအစဉ်များကို စီမံဆောင်ရွက်ထားမည်ဖြစ်ကြောင်း စင်မြင့်ဆီမှ နှုတ်ခွန်းဆက်ရင်း အဆောင်များ၌ လိုက်လံ၍ တကူးတက နှုတ်ဆက်မှာကြားခဲ့ကြသေးသည်။

ယခုဆိုလျှင် ရက်သတ္တ ခုနစ်ပတ်မျှ တစ်နေရာတည်းတွင် အတူတကွ ဆုံစည်း၍ တစ်ခုတည်းသောအာရုံကို စူးစိုက်လျက် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အခြေခံမူများကို အပြန်အလှန် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆွေးနွေးခဲ့ကြသောသူတို့သည် ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်၍ ရောက်ကြပြီ။ အမှန်စင်စစ် သူတို့မှီတင်းရာ ဤပြည်ထောင်စုကြီးသည် သူတို့ဇာတိချက်မြှုပ်၊ သူတို့အိုးအိမ်သာ ဖြစ်ပေသည်တကား။ ။

ယခုဆိုလျှင် ရက်သတ္တ ခုနစ်ပတ်မျှ တစ်နေရာတည်းတွင် အတူတကွ ဆုံစည်း၍ တစ်ခုတည်းသောအာရုံကို စူးစိုက်လျက် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အခြေခံမူများကို အပြန်အလှန် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆွေးနွေးခဲ့ကြသောသူတို့သည် ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်၍ ရောက်ကြပြီ။ အမှန်စင်စစ် သူတို့မှီတင်းရာ ဤပြည်ထောင်စုကြီးသည် သူတို့ဇာတိချက်မြှုပ်၊ သူတို့အိုးအိမ်သာ။

ဖဲကြိုးဖြတ်ဖွင့်

ဩဂုတ် ၆ရက်က ပန်းဘဲတန်းမြို့နယ် ခန်းမတွင်းအမှတ်(၁၀) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ခိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရွှေပြည်သာမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဇီးကုန်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ စာရိတ္တအင်အား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဩဂုတ် ၈ ရက်က ဥက္ကဋ္ဌ ဦးကျိုးညို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အားအမှူးထား၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာပြုဒါယကာ ဒါယိကာမများကစုပေါင်း၍ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ်ပြန်လည်ဆောက်လုပ်ရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့၏ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်တို့က ပန္နက်တော်၊ ရတနာကြုတ်၊ ရတနာအုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ ဖြစ်ကြသည့် ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပြည်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဓောတိတို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန် အနောက်ပိုင်း ခရိုင်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာပုညောပကာရမဏ္ဍပ်၌ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထိုအချိန်တွင် တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က မင်္ဂလာငွေခရာနှင့် အောင်စည် အောင်မောင်းများ သုံးကြိမ်တီးမှုတ် ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပြည်ဆရာတော်ဘဒ္ဒန္တကုဏ္ဍလဓောတိ ထံမှ ဥဿုံပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် အစရှိသော ပရိတ်တရား တော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့၏ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီး ဗိုလ်မှူးဒေါ်ခင် ဝင်းစိန်တို့က ပန္နက်တော်၊ ရတနာကြုတ်၊ ရတနာအုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် အလှူရှင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းကြီးတိုက် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ် ပြန်လည်တည်ဆောက်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က မတည် လှူဒါန်းငွေကျပ် ၁၀သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အလှူငွေကျပ် သိန်း ၂၀၊ သီဟသုခမ္မမဏိဇောတဓရ သီရိသုခမ္မ မဏိဇောတဓရ ဦးသိန်းဝင်း၊ သီဟ သုခမ္မသီဂိဒေါ်နီ (ရွှေသံလွင်မိသားစု) က အလှူငွေကျပ် သိန်း ၁၈၀၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ မိသားစုက အလှူငွေကျပ်သိန်း၁၀၀၊ ဦးမောင်မောင်တင် မိသားစု အေးလျှပ်စစ်က အလှူငွေကျပ် ၇၅ သိန်း၊ ဦးညီညီအောင်-ဒေါ်မိုးသူဇာ မိသားစုက အလှူငွေ ကျပ်သိန်း ၃၀၊ ဦးစိန်ထွန်းမိသားစု ဟေမန်ထုတ်လုပ်မှု ကော်မတီက အလှူငွေကျပ်သိန်း ၂၀၊ ဦးတင်စိန်-ဒေါ်နန်းခမ်းတစ် မိသားစု မြန်မာယူနီဗာဆယ်ဘဏ်က အလှူငွေကျပ် ၁၅ သိန်း၊ ဦးမြတ်ချိုဝင်း မိသားစု၊ ဦးသူတော်-ဒေါ်ခင်စိန် မိသားစု၊ ဦးဇော်နိုင်-ဒေါ်ဝေဝေနွယ် မိသားစု၊ မော်တော်ယာဉ် လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)မြို့တွင်း၊ မော်တော် ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး)၊ သီရိသုခမ္မ မဏိဇောတဓရ ဦးကျော်မင်းမိသားစု တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီ လီမိတက်၊ ဦးကျော်ငွေး၊ ဒေါ်တင်တင် မော် မိသားစု၊ ဦးညွန့်ငွေး-ဒေါ်နီလာ ရွှေမိသားစု၊ ဦးမြတ်သင်းအောင်- သီရိသုခမ္မသီဂိဒေါ်ခင်မြင့်မြင့် မိသားစု၊ ဦးဝင်းမြင့်(ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်)တို့က အလှူငွေကျပ်ငါးသိန်းစီ၊ ဦးအောင်ဇော် မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုံးခင် မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဦးနှင်းစိန်-ဒေါ်မြငြိမ်းမိသားစု၊ ရန်ကုန် မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ၊ ဦးတင်လှ-အဂ္ဂမဟာ သီရိသုခမ္မသီဂိ ဒေါ်အေးအေးကြည် မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းစီ၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူများ စုပေါင်းအလှူငွေကျပ် ၂၆၈၂၆၆၆ကျပ် အပါအဝင် အလှူရှင် ၅၆ ဦးတို့ က အလှူငွေ ၆၀၁၈၂၆၆၆ ကျပ်ကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင် တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့က မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်တို့က ကျောင်းကြီးတိုက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအသစ် ပြန်လည်တည်ဆောက်ရန် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် ရန်ကုန်အနောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်တင့်က ရှေးဟောင်း ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်း တော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထား သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဩဝါဒကထာ နှင့် အနုမောဒနာတရားများဟောကြား တော်မူပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အားအမှူးထား၍ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ် ပြန်လည်ဆောက်လုပ်လှူဒါန်းရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ဦးကြိုင်စန်းရွှေက သတ်မှတ်နေရာတွင် ပန္နက်တော်တင်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပန္နက်တော်တင်ရတနာ အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒေဝါဝင်း၊ ရာဇာဝင်းများက ဦးဆောင်၍ ပန္နက်တော်၊ ရတနာ ကြုတ်၊ ရတနာအုတ်စသည်တို့ကို ပန္နက်တင် အုတ်မြစ်တော်စီမည့်နေရာ သို့ သယ်ဆောင်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က ပန္နက်တင်အုတ်မြစ်တော်စီ မင်္ဂလာ မော်ကွန်းကမ္ပည်းစာကို ဖတ်ကြား သည်။

အုတ်မြစ်တော်စီ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဦးကြိုင်စန်းရွှေတို့က သတ်မှတ်နေရာ အသီးသီး၌ မြောက်ဘက်အရပ်သို့ မျက်နှာမူလျက် မင်းတိုင်မှစ၍ လက်ယာရစ်ကာ ပန္နက်တော်များကို တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရတနာ နဝရတ်ကြုတ်ကို အုတ်မြစ်တော်၏ အလယ်ဗဟို၌ ထည့်သွင်းပေးပြီး ပတ္တမြားရတနာ အုတ်ကို အုတ်မြစ်တော်၏ အလယ် ဗဟို၌ စီပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဦးကြိုင်စန်းရွှေနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီး၌ ရတနာအုတ်များကို တစ်ပြိုင်တည်းစီပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဦးကြိုင်စန်းရွှေနှင့် တာဝန်ရှိသူများက အုတ်မြစ်တော်ကို မင်္ဂလာကမ္ပည်း ကျောက်စာဖြင့် ဖုံးအုပ်ပေးပြီး အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြ သည်။

ထို့နောက် မင်္ဂလာအခါပေး ဦးကျော်က စိန္တာမဏိ ဂါထာဖြင့် ရွတ်ဆိုပူဇော်သည်။

ပန္နက်တော်တင်

ဆက်လက်၍ ကျောင်းကြီးတိုက် ဦးပညိန္ဒကျောင်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဦးကြိုင် စန်းရွှေတို့က သတ်မှတ်နေရာ အသီး သီး၌ ပန္နက်တော်များ တင်ပေးကြပြီး ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာ တော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများက ခရိုင်၊မြို့နယ်နှင့်ရပ်ကွက်များအလိုက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ဗဟန်း(၃)လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ ရေနုတ်မြောင်းများ၌ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းနှင့် ခြင်ဆေးများမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်မြို့နယ် ဓမ္မသုခကျောင်းလမ်းနှင့် သီရိမြိုင်လမ်းဆုံ၌ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ စက်ယန္တရားဖြင့် တိုးချဲ့တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အမှတ်(၅)လမ်းမကြီးဘေး နဝဒေးအိမ်ရာရှေ့ရေမြောင်းမကြီးရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်း၊ ဗေဒါနှင့်ကိုင်းပင်များခုတ်ထွင်ရှင်းလင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ရွှေဖုန်းရှိန်လမ်း မြို့ဦးစေတီအနီး တာမွေချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်၊ နုန်းနှင့် ကိုင်းပင်များ ရှင်းလင်းဆယ်ယူခြင်း၊ ရွှေဘုန်းရှိန် လမ်းဘေးဝဲယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းဆုံ၌ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီး၌ ရေနုတ်မြောင်း ဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင် မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရပ်ကွက်များနှင့် လမ်းများ၌ ရေမအိုင်စေရေးရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် အမှိုက်ပုံများ၊ ရေမြောင်း၊ ရေအိုင်များကြောင့် ကူးစက်ရောဂါပိုးမွှားများ သယ်ဆောင်သည့် ခြင်နှင့်ယင်များ ပေါက်ပွားခြင်းမရှိရေး၊ အနံ့အသက်ဆိုးများကင်းဝေးစေရေးတို့အတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ မြစ်ထွက်ပေါက်များနှင့် ချောင်းများ၊ အစဉ်ရေစီးရေလာကောင်းမွန် စေရေးတို့ကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်အားလုံးတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီ သိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် ချမ်းသာဆေးခန်းပိုင်ရှင် ဦးခင်မောင်မြင့်၊ ဒေါက်တာ သန်းသန်းဝင်း မိသားစုက ငွေကျပ် သုံးသိန်းငါးသောင်းကို ဩဂုတ်၇ရက်က ဂေါပကအဖွဲ့ဝင် ဦးတင်လှသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၈) ရပ်ကွက် သီရိမင်္ဂလာ ဓမ္မဗျူဟာ ဓမ္မာရုံတွင် ဘဒ္ဒန္တ ကေသရ (သရက်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒုတိယ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်အား အမှူးပြု၍ ဓမ္မာရုံ အကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြစဉ်။

(က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ခရိုင်နှင့် မြို့နယ်များအတွင်း အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းမှုနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစဉ်။

(ရန်ကုန်တိုင်း)

လားရှိုးမြို့ ရွှေဘုံသာအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဩဂုတ် ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရွှေဘုံသာအထွေထွေရောင်းဝယ်ရေးသမဝါယမလီမိတက်အသင်း၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၁၆ရက်က ရွှေဘုံသာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမောင်တိုး အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက်လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌတို့က နိုင်ငံတော်၏ သမဝါယမအခန်းကဏ္ဍအကြောင်း ရှင်းလင်း ပြောကြားကြသည်။

ရွှေဘုံသာ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် လားရှိုးမြို့ အခြေခံပညာမူလတန်းကျောင်းအမှတ်(၃)မှ ကျောင်းသား ကျောင်းသူ ၅၃ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၈၀၀တန်ဖိုးရှိ ကွန်ပါဘူး၊ ခဲတံ၊ ဗလာစာအုပ်များကို အသင်းဥက္ကဋ္ဌ ဦးမောင်တိုးက အသင်းကိုယ်စားပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (က-ပ)

သဃ်န်းကျွန်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်ထူးချွန် ရပ်ကွက်အသင်းခွဲများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ရက်က မြို့နယ်အသင်း ရုံးတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဦးခင်ဝေက စည်းရုံးရေး ထူးချွန်ဆုရ (က)ရပ်ကွက်အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်အေးအားဆုချီးမြှင့်စဉ်။ (ဝ၅၂)

သာသနာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ပလက်ဝမြို့နယ်ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၁ရက်တွင် စစ်တွေမြို့သို့ရောက်ရှိ ပြီး စစ်တွေမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်တော်မြို့မှတစ်ဆင့် ပလက်ဝမြို့နယ် ဆမီးကျေးရွာသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ဩဂုတ် ၂ရက်တွင် ဆမီးတိုက်နယ် ဆေးရုံရှေ့မြက်ခင်းပြင်၌ ဆမီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး ဆမီးကျေးရွာ အထက်တန်းကျောင်းပြုပြင်ရန် အလှူငွေကျပ် ၁၅သိန်း၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ တစ်စုံနှင့် ကျေးရွာအတွင်းရှိ တံတားပြန်လည်ပြုပြင်တည်ဆောက်ရန် အလှူငွေတစ်သိန်းတို့အား ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများ၊ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ကျီးဝကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် ကူးဝကျေးရွာမူလတန်းလွန်ကျောင်း ပြုပြင်ရန် အလှူငွေကျပ်တစ်သိန်းစီ၊ ကျောင်းသားကျောင်းသူများ အသုံးပြုရန် ဗလာစာအုပ်နှင့် အဝတ်အထည်များပေးအပ်လှူဒါန်းသည်။ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် ချင်းဒေါက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားပြီး ချင်းဒေါက်ရွာနှင့် ကုန်းတော်ကျေးရွာများအတွင်းရှိ တံတားများ ပြုပြင်ရန်အတွက် အလှူငွေကျပ် နှစ်သိန်း၊ ဗလာစာအုပ်နှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မီးဇာထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဍိဝအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ဩဂုတ် ၅ ရက်တွင် ပလက်ဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ပလက်ဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးအား စစ်ဆေးကြည့်ရှုကာ အမှုဆောင်များနှင့်တွေ့ဆုံ၍ အသင်းရုံးအဆောက်အအုံ ရေရှည်တည်တံ့ရေး၊ အသင်းသားအင်အား စိစစ်ခြင်းနှင့် စည်းရုံးရေးကိစ္စရပ်များ၊ စုဖွဲ့မှုနှင့် ပတ်သက်သည်များကို လမ်းညွှန်မှာကြားကာ အသင်းရုံးတွင် အသုံးပြုရန်အတွက် ကွန်ပျူတာတစ်လုံး လှူဒါန်းသည်။

(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၄ခုနှစ်အောက်တိုဘာလ၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့်ကြားကာလများတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဂျိတီစီစနစ် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း၊ ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းလာရေး ပြည်သူတစ်ရပ်လုံး နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာလာပြီး ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးသို့ရောက်ရှိပြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ညောင်လေးပင်၊ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦး၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၄–၂၀၀၅ခု ရည်မှန်းချက် တာဝန်၁၀ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ကျေးရွာတိုင်းသို့ သတင်းစာ၊ ဂျာနယ်များရောက်ရှိရေး၊ ကျေးရွာတိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ကြည့်ရှုနိုင်ရေး၊နယ်လှည့်စာကြည့်တိုက်အား မိမိဒေသအတွင်းရှိ ကျေးရွာတိုင်းသို့ တစ်နှစ်တစ်ခေါက် မရောက်ရောက်အောင် သွားရောက်ဖွင့်လှစ်နိုင်ရေးတို့ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၀ နာရီတွင် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲပိုင်းတွင် ဝေါမြို့နယ် မြစ်ကျိုးကျေးရွာသို့ ရောက်ရှိပြီး မြစ်ကျိုးကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ကျေးရွာပြည်သူလူထုများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ မြစ်ကျိုးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာအုပ်စုဆိုင်ရာ အချက်အလက်များအားတင်ပြပြီး ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့ရောညပါ တည်ဆောက်ရေးလုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သော စိုက်ပျိုးရေး၊မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစသည့် လုပ်ငန်းများကို အားလုံးနီးပါး တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းလာရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သို့သော် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ညီလာခံကျင်းပခြင်းအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားလျက်ရှိကြကြောင်း၊ သို့သော် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့၏ဆောင်ရွက်မှုများ အောင်မြင်မည်သာ ဖြစ်ကြောင်း၊ သို့ပါ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြစ်ကျိုးအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က မြစ်ကျိုး အထကကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ဧရာမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီမှ ညီအစ်ကိုမောင်နှမများက မြစ်ကျိုး အထက ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်သုံးသိန်းကို ဦးအေးသိန်းကလည်းကောင်း၊ မြစ်ကျိုးကျေးရွာ စာကြည့်တိုက်ထူထောင်ဆောက်လုပ်ရန် အလှူငွေကျပ် ၄၅ သိန်းကို ဧရာမင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်မိုးစန္ဒာထွန်းတို့က လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။ မြစ်ကျိုးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် မြေနေရာအားကျေးရွာလူထုမှ စုပေါင်းလှူဒါန်းပြီး စာကြည့်တိုက် တစ်ထပ်အဆောက်အအုံအား ဒေသခံတစ်ဦးဖြစ်သော ဧရာမင်းသိန်းကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းမည်ဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးပါက စာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စာတမ်း၊ ပရိဘောဂနှင့် ဝန်ထမ်းများအား ပြန်ကြားရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေပိုင်းတွင် ကွေ့ကြီးကျေးရွာအုပ်စု မြကုန်းကျေးရွာအမကတွင် ကျေးလက်ပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား ဆွေးနွေးညှိနှိုင်းမှာကြားသည်။**(ဝဲအပေါ်ပုံ)**

ထို့နောက် ဗဟိုအတွင်းရေးမှူးက ကျေးရွာစာသင်ကျောင်း အပြီးသတ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသောင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ဗလာစာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ဧရာမင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီ မိသားစုကိုယ်စား ဦးအေးသိန်းက ကျေးရွာစာသင်ကျောင်းအတွက် အလှူငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ ဧရာမင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့် ဇနီး ဒေါ်မိုးစန္ဒာထွန်းတို့က ကျေးရွာစာသင်ကျောင်းအတွက် အလှူငွေကျပ် ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

သံလွင်မြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၈

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရာသီဥတုခန့်မှန်းချက် / ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ အမှတ်(၁)တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်ဇော်ရှန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်နှင့် ဦးမျိုးညွန့်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့်ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

(၂၈)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော် မြန်မာအားကစားအဖွဲ့ပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၈

ဂရိနိုင်ငံ အေသင်မြို့တွင် ဩဂုတ် ၁၃ရက်မှ ၂၉ရက်အထိ ကျင်းပမည့် ၂၀၀၄ခုနှစ် (၂၈)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အလေးမနှင့် မြားပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အုပ်ချုပ်သူ နည်းပြအဖြစ် ဒေါက်တာမြတ်သူရစိုးနှင့် မြန်မာမြားပစ် အားကစားသမား ဒုရဲအုပ် သင်းသင်းခိုင် (ပြည်ထဲရေး) တို့သည် ယနေ့ညပိုင်းက လေကြောင်း ခရီးဖြင့် ထွက်ခွာသွားကြသည်။

ယနေ့နံနက်ပိုင်းက ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သို့ သွားရောက်၍ အတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် ပါဝင်ယှဉ်ပြိုင်မည့် အခြေအနေနှင့်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းသည်။

အတွင်းရေးမှူးဦးကျော်ဦးက "မိမိတို့ ပဏာမလက်ရွေးစင်မောင်မယ်များနှင့် မျိုးဆက်သစ်အားကစားသမားများကို ကိုရီးယားနည်းပြဆရာမစ္စတာAn Seung Bunနှင့်ကိုရီးယားနည်းပြ၊ မြန်မာနည်းပြများက ပြိုင်ပွဲအဝေးအနီးအလိုက် ပုံမှန်လေ့ကျင့်မှုကို စနစ်တကျလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခု ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲပါဝင်ဆင်နွှဲမည့် ဒုရဲအုပ် သင်းသင်းခိုင်အပါအဝင် ပဏာမလက်ရွေးစင်များ၊ မျိုးဆက်သစ်မောင်မယ်များအား သက်လုံကောင်းမွန်စေရန် အပြေးလေ့ကျင့်မှုများ၊ အကြောအချဉ်ကြွက်သားပြောင်းလဲမှုများကို သင်ကြားပေးကြောင်း၊ မြားပစ်လေ့ကျင့်မှုများနှင့် အားကစားသမားများ စိတ်တည်ငြိမ်မှုရရှိရန် တရားထိုင်ခြင်း၊ လက်မောင်းကြွက်သားများ သန်မာတောင့်တင်းရန် စက်ကိရိယာအကူအညီဖြင့် အလေးထရိန်နင်၊ ပါဝါထရိန်နင်များ ပြုလုပ်ပေးကြောင်း၊ ယခု ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် မိမိတို့ အဓိကထားယှဉ်ပြိုင်ရမည့်နိုင်ငံများမှာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ကိုရီးယား၊ ဒုတိယအနေဖြင့် တရုတ်၊ ဂျပန်တို့အပြင် ဩစတြေးလျနှင့် အမေရိကန်တို့ကိုလည်း လျှော့တွက်၍ မရကြောင်း၊ ပြိုင်ပွဲဝင်မည့်သင်းသင်းခိုင်၏ လေ့ကျင့်စဉ်ပစ်ခတ်မှုရမှတ်များ တိုးတက်မှုရှိကြောင်း၊ သူမလေ့ကျင့်စဉ်မြားတစ်ချောင်းပစ်ရမှတ် ၈ ဒသမ ၆ မှတ်နှင့်၈ဒသမ ၇ မှတ်သည် ပြိုင်ပွဲကြီးမှာပစ်ခတ်နိုင်လျှင် သူနိုင်ကိုယ်နိုင်အပြိုင်ကြဲကြမည့်ပွဲဖြစ်ကြောင်း၊ သူမမြားတစ်ချောင်းပစ်ခတ်မှု ရမှတ် ၈ ဒသမ ၉ မှတ်(သို့မဟုတ်) ၉မှတ်ပစ်ခတ်နိုင်လျှင် သူမ နိုင်ခြေရှိကြောင်း၊

(၂၈)ကြိမ်မြောက် ကမ္ဘာ့ အိုလံပစ်မြားပစ်ပြိုင်ပွဲတွင် ပါဝင် ဆင်နွှဲမည့် မြန်မာ့လက်ရွေးစင် မြားပစ်မယ် ဒုရဲအုပ်သင်းသင်းခိုင် (ပြည်ထဲရေးဝန်ကြီးဌာန) မြားပစ်လေ့ကျင့်ဟန်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အားကစားဝန်ကြီးကလည်း လေ့ကျင့်ရေးကွင်းတွင် လာရောက်ကြည့်ရှုပြီး ပြိုင်ပွဲဝင်မည့် သင်းသင်းခိုင်အား ကြောက်စိတ်၊ စိုးရိမ်စိတ်နှင့် စိတ်လှုပ်ရှားမှုမရှိရန် အသေးစိတ်မှာကြားပြီး မိမိလေ့ကျင့်စဉ်ရမှတ်များကို ပြိုင်ပွဲယှဉ်ပြိုင်စဉ်ရရှိရန်အဓိကထားမှာကြားကြောင်း၊ မိမိအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်) ကလည်း နေထိုင်စားသောက်မှုမှအစ လိုလေသေးမရှိအောင် စီစဉ်ပေးပြီး အားကစားသမားများအား ပြိုင်ပွဲတွင် အဆင့်မီအောင်၊ အောင်နိုင်စိတ်မွေးရန်၊ လေ့ကျင့်မှု ပြင်းပြင်းထန်ထန် ကြိုးစားကြရန် မှာကြားကြောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့်ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ) ကလည်း နေ့စဉ် အနီးကပ် ကြပ်မတ်ကြည့်ရှုပြီး စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားဆေးနှင့် အားကစားသမားများ ကျန်းမာမှုရှိစေရန် ဒေါက်တာဇော်ထွန်းက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လစဉ်ပြိုင်ပွဲများ ပြုလုပ်ပေးပြီးအားကစားသမားများစိတ်ဓာတ်တက်ကြွစေရန် ဆုကြေးနှင့် လစဉ်ထောက်ပံ့ကြေးများ ပေးလျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

နိုင်ငံတကာပြိုင်ပွဲများမှ ရွှေတံဆိပ်ရှစ်ခု နိုင်ငံအတွက်ရယူပေးသူနှင့် (၂၈) ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲပါဝင်ဆင်နွှဲမည့် ဒုရဲအုပ်သင်းသင်းခိုင် (ပြည်ထဲရေးဝန်ကြီးဌာန)ကလည်း "မိမိအနေဖြင့် ပြိုင်ပွဲဝင်ရန် အသင့်ရှိပြီးဖြစ်ကြောင်း၊ နည်းပြများ၏ သွန်သင်ပြသမှုကို အထူးဂရုစိုက်လေ့ကျင့်လျက်ရှိကြောင်း၊ မိမိယခုပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်ရန်အတွက် အထူးလေ့ကျင့်ထားကြောင်း၊အနိုင်မခံအရှုံးမပေးစိတ်ဓာတ်မွေးပြီး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ရှင်းပြသည်။

ယခုအချိန်အခါသည် နိုင်ငံတော်ကဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်လျက်ရှိပြီး အထူးအားပေးသည့် အချိန်အခါဖြစ်သည်နှင့်အညီ အားကစားသမားများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့်အားကစားနည်းများကို အစွမ်းကုန် ယှဉ်ပြိုင်ကြိုးစားသွားလျှင်ဖြင့် မိမိအကျိုး၊ မိမိနိုင်ငံနှင့် လူမျိုး၊ မိမိအဖွဲ့ချုပ်အကျိုးအတွက် အချိန်အခါကောင်းဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

အောင်ပွဲရ မြန်မာဂျူဒိုအားကစားမောင်မယ်များအား ဂုဏ်ပြုပွဲတွင် ရွှေတံဆိပ်နှစ်ဆုရယူပေးခဲ့သူ နွယ်နွယ်သန်း(စက်မှု-၁)အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အောင်ပွဲရဂျူဒိုအားကစားအဖွဲ့ဂုဏ်ပြုပွဲကျင်းပ အားကစားဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် (၈)ကြိမ်မြောက် အရှေ့တောင်အာရှဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာရှဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် နှစ်ခုရအောင်စွမ်းဆောင်ပေးသည့် မြန်မာဂျူဒိုအားကစားမောင်မယ်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၆ ရက်ညက ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်တွင်ကျင်းပရာ ဝန်ကြီးက ရှေးဦးစွာ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရဂျူဒိုမောင်မယ်များအား ဂုဏ်ပြုငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဂျူဒိုတာဝန်ခံများက ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အောင်ပွဲရဂျူဒိုမောင်မယ်များကိုယ်စား ရွှေတံဆိပ်နှစ်ဆုရယူပေးသည့် ရွှေတံဆိပ်နှစ်ဆုရှင် နွယ်နွယ်သန်း(စက်မှု-၁)က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် နာယကများဖြစ်သည့် ဒေါ်ရွှေသက်က ငွေကျပ်သုံးသောင်း၊ ဒေါက်တာဒေါ်ရီရီလှက ငွေကျပ် ငါးသောင်း၊ ဒေါ်မြင့်မြင့်အေးက ငွေကျပ်နှစ်သိန်း၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူက ငွေကျပ်၁၀သိန်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြင့်မြင့်ဝင်းက ငွေကျပ် ၁၀သိန်း၊ ကမ္ဘောဇဘဏ်မှ ဦးဇော်ဝင်းနိုင်က ငွေကျပ်ငါးသိန်းနှင့် ကျားခေါင်းဘိလပ်မြေ ဦးကျော်မြင့်က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူရွေးချယ်ရေးစည်းဝေး ပဏာမမြန်မာ့လက်ရွေးစင်အသင်း အားကစားသမားလျှော့ချ

ရန်ကုန် ဩဂုတ် ၈

ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၂၀ ရက်၌ စတင်ကျင်းပမည့် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား လူရွေးချယ်ရေး အစည်းအဝေးကို ယမန်နေ့ ည ၇ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်လီမိတက်)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကိုနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လူရွေးချယ်ရေး အစည်းအဝေးအပြီးတွင် အားကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ရာ **(ဂိုး)**အောင်အောင်ဦး၊ ကျော်မင်းလှိုင်၊ ထွန်းထွန်းလင်း၊ **(နောက်တန်း)**မင်းသူ၊ စိုးလင်းထွန်း၊ စိုးမြတ်မင်း၊ ဇော်ထက်အောင်၊ အောင်ဇော်မျိုး၊ မိုးကျော်သူ၊ အောင်ကျော်မိုး(၂)၊ ဝင်းမင်းထွဋ်၊**(အလယ်တန်း)** ဇော်ဇော်၊ အောင်ကျော်မိုး(၁)၊ စန်းမောင်၊ မောင်မောင်အောင်၊ ဘိုဘိုအောင်၊ မျိုးမင်းထွန်း၊ မာလ၊ ဟန်ဝင်းအောင်၊ **(ရှေ့တန်း)**ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်းမင်းဦးနှင့် နိုင်ဝင်းတို့ ပါဝင်ကြသည်။ ယခုရွေးချယ်လိုက်သော အားကစားသမားများသည် ပဏာမမြန်မာ့လက်ရွေးစင်များသာဖြစ်ပြီး ဆန်ခါတင်လူစာရင်းကို ထပ်မံစိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၈

မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် မင်းချောင်းလမ်း သစ္စာဒီပ ပိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၅၈)ကြိမ်မြောက် ဝါတွင်း ခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာစရိယ ဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို တရားဟော ဓမ္မကထိကများက (ဝါခေါင်လပြည့်ကျော် ၁၁ ရက်မှ တော်သလင်းလဆန်း ၂ ရက်) ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၀ ညနေ ၅နာရီအရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၈

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၃)ကို ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် ကြံမှချက်လုပ်သော ဓာတ်ဆီအစားထိုးလောင်စာဆီတစ်မျိုး မြန်မာပြည်တွင် အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်လက်ရှိထုတ်လုပ်မှုပမာဏထက် နှစ်ဆယ့်ငါးဆခန့် ပိုမိုထုတ်လုပ်နိုင်မည်ဟုဆို၊ ခြေထောက်ဆေးရည်စိမ်ကုသနည်း လူသိများလာ၊ မြန်မာ့မီးရထားသို့ ရထားစက်ခေါင်း ၁၀ခေါင်းနှင့် လူစီးတွဲများ အိန္ဒိယမှ ပေးပို့ကူညီမည်၊ ဈေးဝယ်နောက်တကောက်ကောက်နှင့် ခြေသြောင်းခံစရာမလိုတော့ တရုတ်ကုန်တိုက်တစ်ခုက ခင်ပွန်းများနားနေစခန်း ဝန်ဆောင်မှုပေး၊ ဗြိတိန်သားနှစ်သန်းကျော် အလုပ်စွဲရောဂါပြင်းပြင်းခံစားနေရ၊ စွန့်စားရဲသူများကြီးပွားမည် စင်ကာပူတက္ကသိုလ်ကျောင်းသားများ စွန့်ဦးတီထွင်ဘာသာယူသူပိုများလာ၊ ဆင်ချေးမှတော်ဝင်သုံးစက္ကူများ ထုတ် လုပ်သီရိလင်္ကာသားတို့စီးပွားဖြစ်၊ အိန္ဒိယ၊ ထိုင်းအပါအဝင် နိုင်ငံလေး နိုင်ငံမှ ပုစွန်ပို့ကုန်များ အမေရိကန်က အခွန်မြင့်မြင့်စတင်ကောက်စသည့်ပြည်တွင်း ပြည်ပစိတ်ဝင်စားဖွယ်ရာ သတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့်ကုန်စည်ဒိုင်ဈေးနှုန်း သတင်းများ၊သုံးသပ်ချက်ဆောင်းပါးများ၊ အားလပ်ရက်အပန်းဖြေအညွှန်း၊ နိုင်ငံတကာပညာရေး မိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media House ဖုန်း- ၇၀၃၈၁၃က ဖြန့်ချိထားသည်။

(က-ပ)

U4 Computer လိပ်စာသစ်

U4 Computer Group သည် အမှတ် ၁၅၂၊ ဒုတိယထပ်၊ အနော်ရထာလမ်းမ (၃၅လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန် ဖုန်း- ၂၅၄၂၁၄၊၂၅၀၁၆၉၊ e-mail; u4 @ mptmail. net. mm;u4@ eempire. com. mmသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။



မိုင်းဖြတ်မြို့နယ် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပွဲကျင်းပ

မိုင်းဖြတ် ဩဂုတ် ၅

မိုင်းဖြတ်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ထွန်တုံးပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီခွဲက နမ့်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၂၅၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းက မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထွန်တုံးပိတ် ကောက်စိုက်ပွဲ ဆက်လက်ကျင်းပသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အီးအမ်စူပါဘိုကာရှီ မြေဩဇာ ပြုလုပ်နည်း လက်တွေ့သရုပ်ပြသပြီး **(အောက်ပုံ)** တီစူပါ၊ ပိုတက်၊ဘွန်အိုကွန်ပိုဆာ၊ အားပြည့် ဇီဝစူပါ၊ ရွက်ဖျန်းမြေဩဇာ၊ ရေကျော့ာက်ခက်(အဇိုလာ)နှင့် အီးအမ်ဘိုကာရှီ စသည့် မြေဩဇာ အသုံးပြုပုံကို စံနမူနာထားစိုက်ပျိုးသည့် ရွှေရင်အေး၊ သုခရင်၊ ဆင်းဧကရီ(၃)၊ ဆင်းရွှေဝါ၊ တရုတ်စပ်မျိုး၊ ဥသာမွေ၊ ဒေသကောက်ညှင်းတို့နှင့် ပတ်သက်၍ရှင်းလင်း တင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

အမြင်သစ်စာကြည့်တိုက် ပခုက္ကူမြို့နယ်၌ဖွင့်

ပခုက္ကူ ဇူလိုင် ၂၅

ပခုက္ကူမြို့နယ် ဆိကုန္ဓဝအုပ်စု အရာတော်ရွာ၏ အမြင်သစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၆ရက်က အဆိုပါကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး အမြင်သစ်စာကြည့်တိုက်အတွင်းရေးမှူး ဦးတိုင်းအေးက စာကြည့်တိုက်ဖြစ်ထွန်းလာပုံကိုလည်းကောင်း၊ အမက (၂၈) ကျောင်းအုပ်ဆရာကြီး ဦးထိန်ဝင်းက စာကြည့်တိုက်ပညာ အကြောင်းကိုလည်းကောင်း အသီးသီး ပြောကြားကြသည်။ **(၄၁၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကဝမြို့နယ် သက္ကလစ်ပြကျေးရွာ ပရိယတ္တိစာသင်တိုက် သန္တိသုခ စာသင်ဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ ကလျာဏီဆန်စက်ပိုင်ရှင် ဦးမြသောင်းမိသားစုက မတည်ငွေကျပ် ၁၀သိန်းနှင့် အစ်မဖြစ်သူဒေါ်ခင်ကြည်မိသားစုက ငွေကျပ် ၅သိန်းအပါအဝင် အလှူရှင်များက စုပေါင်းထည့်ဝင်ငွေ စုစုပေါင်းကျပ်သိန်း ၃၀ကို ကျောင်းတိုက် ပဓာန နာယက ဆရာတော်ဦးကောဝိဒထံ ပေးအပ်လှူဒါန်းကြစဉ်။ (၂၄၀)

နိုင်ငံသားစိစစ်ရေးကတ် ခင်ဦးမြို့နယ်၌ပေးအပ်

ခင်ဦး ဩဂုတ် ၄

ခင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင်၂၈ရက်က အောင်မင်္ဂလာရပ်ကွက်ရုံးခန်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမောင်အေးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးထံ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး လမ်းလယ်ကျွန်းမြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို ဇူလိုင်၂၉ရက်က အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခိုင်ဇော်မိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

တာချီလိတ်မြို့ ပန်းခြံ ဆောင်ရွက်မှုကြည့်ရှု

တာချီလိတ် ဩဂုတ် ၄

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ ရွှေဝါနဒီပန်းခြံသန့်ရှင်းသာယာလှပစေရေးအတွက် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မှုအခြေအနေကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ ဇူလိုင် ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ချက်ကြံသီးနှံ စိုက်ပျိုးရေး စီမံကိန်း တာဝန်ပေးအပ်

တောင်တွင်းကြီး ဩဂုတ် ၅

၂၀၀၄-၂၀၀၅ခုနှစ် ချက်ကြံသီးနှံ စိုက်ပျိုးရေးစီမံကိန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၂၇ရက် မွန်းလွဲ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဇုန်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးဗိုရီက ချက်ကြံသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ နိုင်ငံတော်မူဝါဒများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး ချက်ကြံသီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်လွှာများကို တာဝန်ရှိသူများက ကျေးရွာအုပ်စု ဥက္ကဋ္ဌများသို့ ပေးအပ်ကြောင်းသိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ကာမိုင်းမြို့ မြို့ပြစီမံကိန်းရေးဆွဲရေးအတွက် ဇူလိုင်၁၀ရက်က ကွင်းဆင်းတိုင်းတာဆောင်ရွက်ရာ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး၊ အမှုဆောင်အရာရှိ ဦးအင်ခွန်တူး၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်နှင့် မြေစာရင်းဦးစီးမှူး ဦးမြင့်သိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၀-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
(ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်
(မြန်မာ့ဇာတိမာန်သမိုင်းနှင့် တိုင်းရင်းသားသူရဲကောင်းများ- ဗိုလ်ခေါင်းကြီး)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး
(စိတ်လျော့ဖွတ်တဲ့အလုပ်- အရှင်ဆန္ဒာဓိက)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ
(စောစောပြန်ခဲ့ပါမောင်)
၁၂း၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(ပဋ္ဌမတန်း-စာရိတ္တနှင့် လောကနီတိ)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း
(အေးမြသီတာ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
(အားကစားနှင့် အားကစားပရိသတ်)
(ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ
(ကလေး၏အသက် ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ)
၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲအစီအစဉ်

ဈေးအတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ပူတာအို ဇူလိုင် ၂၅

ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်က ပူတာအိုမြို့ လေယာဉ်ကွင်းဈေးအတွင်း ခေတ္တအမှုဆောင်အရာရှိ ဒေါ်ခင်ခင်အေး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ ဈေးအတွင်းအပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြသည်။ **(က-ပ)**

ငှက်ဖျားရောဂါနှိမ်နင်းရေး အသိပေးဆွေးနွေး
ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ရှင်းလင်းပြောကြား

မုံရွာ ဇူလိုင် ၂၂

ပဉ္စမအကြိမ် အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက်က မုံရွာမြို့ ပြည်သူ့ဆေးရုံ စိတ်/မူးယစ် အထူးကုခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယ တိုင်းကျန်းမာရေးမှူး ဒေါက်တာ ဒေါ်ရီရီမြင့်က ငှက်ဖျားရောဂါအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ စစ်ကိုင်းတိုင်း ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ မောင်မောင်သိန်းက ငှက်ဖျားရောဂါဖြစ်ပွားမှု၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်

လှည်းကူး ဇူလိုင် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့ ပြည်တော်သာရပ်ကွက် ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုန်းမြင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာအုပ်လှူဒါန်း

ထို့နောက် အလှူရှင်များက စာအုပ်ပေါင်း ၂၅၂ အုပ်ကို လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒုတိယအကြိမ်မြောက် ကျေးရွာအုပ်စုများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက်က ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မဖွင့်ရသေးသော ကျေးရွာများမှ ဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ကာယနှင့်အေရိုးဗစ် လေ့ကျင့်ခန်း အပတ်စဉ်သင်ကြားပို့ချ

ကောလင်း ဇူလိုင် ၂၀

ကောလင်းမြို့နယ် ပဒုမ္မာအုပ်စု ပဒုမ္မာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ၂၀၀၄–၂၀၀၅ခုပညာသင်နှစ် ဇူလိုင်မှစတင်၍ အပတ်စဉ်သောကြာနေ့ညနေတိုင်းတွင် ကာယနှင့် အေရိုးဗစ် လေ့ကျင့်ခန်းများကို ကာယနည်းပြဆရာမ ဒေါ်ခင်ဌေးဝင်းက ကျောင်းသူ ကျောင်းသား ၂၀၀ခန့်တို့အား သင်ကြားပို့ချပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

အဆိုပါ သင်တန်းသို့ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးတို့က ကြပ်မတ်ကြပြီး လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၀၂၆)**

ဇူလိုင်၂၀ရက်က မြို့ တွင်း ဗိုလ်ချုပ် လမ်းမပေါ်ရှိ လမ်းဖြတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်အောင်ပြန်လည်တူးဖော်၍ သံကူကွန်ကရစ်တံတား အသစ်ဆောင်ရွက်နေမှုကို ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဌေးအောင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ထွေ/အုပ်ဝန်ထမ်းများအား ဝတ်စုံနှင့်ထောက်ပံ့ငွေပေး

မြောင် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၃–၂၀၀၄ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးနှင့်ဝန်ထမ်းများ ဝတ်စုံပေးအပ်ပွဲကို ဇူလိုင် ၅ရက်က မြို့နယ် အစည်းအဝေး ခန်းမတွင် ပြုလုပ်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နုက ဝန်ထမ်းသားသမီးများကိုယ်စား ဒုဦးစီးမှူး ဦးကျော်သူမြင့်နှင့် ဦးအောင်သူရတို့အား ထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။ **(၃၆၇)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သီပေါမြို့နယ်၌ ဖွင့်လှစ်ရေး ညှိနှိုင်းစည်းဝေး

သီပေါ ဇူလိုင် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ရက်က အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်ပညာရေးမှူးဒေါ်သောင်းသောင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးစိုင်းသာလှိုင်က ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။ သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အချိန်တိုအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၀၆)**

သုံးခွမြို့နယ်တွင် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

သုံးခွ ဩဂုတ် ၇

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၅၃၀၀၀၀ကို ဇူလိုင် ၂၂ရက်က ရဲနွဲ့ချောင်း၊ ပုဂံတောင်ချောင်း၊ သုံးခွချောင်းမ၊ ခရမ်းချောင်းမတို့၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။**(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၁၀ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးစီး၍ ဝန်ထမ်းများ ပန်းသီတာဥယျာဉ်ရှေ့ အဝေးပြေးလမ်းမကြီးဘေးတွင် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

